စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၃/၂၀၂၅

## ၂၀၂၅ ခုနှစ်၊ မတ်လ သတင်းခေါင်းစဉ်များ

## ပြည်တွင်းဈေးကွက်

- ဆန်ကွဲB(1,2)၊ ဖွဲနုဈေးများကျ၍၊ ဧည့်မထဆန်(ဟောင်း/သစ်)၊ ဆန်ကွဲB(2,3,4)ဈေးမြင့်တက်ကာ ပေါ်ဆန်းမွှေးဆန် (ဟောင်း/သစ်)ဈေးများတည်ငြိမ်လျက်ရှိ
- ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ
- ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အရောင်းအဝယ်ကောင်းမွန်နေ
- မအူပင်ဈေးကွက်၌ ဗီယက်နမ် ငရုတ်ခြောက် ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်
- ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

## နိုင်ငံတကာဈေးကွက်

- ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းကျော် တင်ပို့ရန် ရည်မှန်း
- ၂၀၂၅ ခုနှစ်တွင်း ဖိလစ်ပိုင်နိုင်ငံ၏ ဆန်လိုအပ်ချက် တန်ချိန် ၁၅ သန်းခန့်ရှိမည်ဟု ခန့်မှန်း
- ထိုင်းနိုင်ငံ၌ စပါးစိုက်တောင်သူများအတွက် အထောက်အပံ့ပေးမည့်အဆိုပြုလွှာကို နိုင်ငံအဆင့် ဆန်စပါး မူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြနိုင်ရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိ
- အိန္ဒိယသည် ဒေသခံတောင်သူများအားပံ့ပိုးကူညီရန် ဟင်းသီးဟင်းရွက်ဆီ တင်သွင်းခွန်အား တိုးမြှင့် ကောက်ခံဖွယ်ရှိ
- အာဖဂန်နစ္စတန်၌ ဝါဂွမ်းတန်ချိန် ၁၅၆,၀၀၀ ထွက်ရှိ
- တရုတ်နိုင်ငံသည် အမေရိကန်ထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် စီစဉ်လျက်ရှိ
- လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အတွက် ဆွေးနွေးပွဲများပြန်လည်စတင်တော့မည့် အိန္ဒိယနှင့် ဗြိတိန်
- အမေရိကန်သမ္မတက သံမဏိနှင့် အလူမီနီယံကုန်ပစ္စည်းအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ချမှတ်ခဲ့
- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ်အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်ကို အစ္စရေး နိုင်ငံက သဘောတူလက်ခံခဲ့
- တောင်ကိုရီးယားနိုင်ငံ၏ အရှေ့ပင်လယ်ရှိရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်တစ်ခု သည် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းမရှိဟု ထုတ်ပြန်
- ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုကဏ္ဍမှ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅ ဘီလီယံ စံချိန်တင်ရရှိ
- ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ သီဟိုဠ်စေ့ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ နီးပါးဝယ်ယူ
- အိန္ဒိယနိုင်ငံတွင်၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရော်ဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများမြင့်တက်

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ဂျာမနီမှ Porsche ကားထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၂၉ ခုနှစ်တွင် အလုပ်အကိုင်များ လျှော့ချရန် စီစဉ်နေ
- ဗီယက်နမ်နိုင်ငံ၏ အုန်းသီးတင်ပို့မှုသည် ၁၄ နှစ်အတွင်း အမြင့်ဆုံးရောက်ရှိ
- MSME လုပ်ငန်းများတင်ပို့မှုကြီးထွားရန်အတွက် AI ကိုအသုံးချရန် အင်ဒိုနီးရှားဝန်ကြီး တိုက်တွန်း
- Binh Dinh ပြည်နယ်ကို စက်ဝန်းပုံအဝတ်အထည်ထုတ်လုပ်ရာ အချက်အချာအဖြစ် ပြောင်းလဲရန် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် H&M
- ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ပလပ်ပေါက်ထိုး နှစ်မျိုးသုံး လျှပ်စစ်မော်တော်ကား (plug-in hybrid electric vehicles-PHEV) အတွက် အခွန်ကောက်ခံမှုပုံစံကို ချိန်ညှိသွားနိုင်ရေးပြင်ဆင်အဆို ပြုသွားရန်ရှိ
- သမ္မတထရမ့်၏ အကောက်ခွန်နှုန်းကြောင့် အမေရိကန် စိုက်ပျိုးရေးပို့ကုန်များအပေါ် စိန်ခေါ်မှုများဖြစ်
- ကင်ညာနိုင်ငံသည် ပို့ကုန်စျေးကွက်ချဲ့ထွင်ရန်အတွက် အာရှတလွှားရှိကော်ဖီ ဝယ်ယူသူများအားမျက်စိကျလျက်ရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ကို ၂၀၂၅ ခုနှစ်၌ UNESCO သို့ တင်သွင်းမည်

**ပြည်ပကုန်သွယ်မှုသတင်း**

- မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သည်လုပ်ငန်းရှင်များအကြားB to B ပြောင်းအရောင်းအဝယ် နားလည်မှုဆိုင်ရာ သဘောတူစာချုပ်(MoU)လက်မှတ်ရေးထိုးနိုင်ခဲ့
- Smart Farm Korea 2025 (SFKOREA 2025 ) ပြပွဲ ကျင်းပမည်

**အထူးဆောင်းပါးများ**

- ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားက ဆန်တင်သွင်းခြင်းမပြုလျှင် ဆန်စျေးကွက်အပေါ် အကျိုးသက်ရောက်မှု
- စျေးနှုန်းသင့်တင့်မှုနှင့် ဆန်းသစ်တီထွင်မှုကြောင့် တရုတ်ထုတ်ကုန်ပစ္စည်းများက မြန်မာနိုင်ငံ၏ MSME ထုတ်ကုန် ပြပွဲတွင် ထင်ပေါ်ကျော်ကြားလျက်ရှိ

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်စျေးနှုန်းများ**

## ပြည်တွင်းစျေးကွက်

**ဆန်ကွဲB(1,2)၊ ဖွဲနုစျေးများကျ၍၊ ညွှံ့မထဆန်(ဟောင်း/သစ်)၊ ဆန်ကွဲB(2,3,4)စျေးမြင့်တက်ကာ ပေါ်ဆန်းမွှေးဆန် (ဟောင်း/သစ်)စျေးများတည်ငြိမ်လျက်ရှိ**

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့်သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ဆန်နှင့်ဆန်ကွဲဖွဲနုစျေးများအတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ တွင် ညွှံ့မထဆန်( မနော်သုခ )(ဟောင်း)တစ်အိတ် ၈၀,၀၀၀ကျပ်၊ ညွှံ့မထဆန်( မနော်သုခ )(သစ်) တစ်အိတ် ၇၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန် (သစ်)တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၅၀,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၃,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၁,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ညွှံ့မထဆန်(မနော်သုခ) (ဟောင်း) တစ်အိတ် ၈၅,၀၀၀ကျပ်၊ ညွှံ့မထဆန် (မနော်သုခ) (သစ်)တစ်အိတ် ၇၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေး ဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၈,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၅,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၀,၇၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ညွှံ့မထဆန်(မနော်သုခ)(ဟောင်း) တစ်အိတ် ၅,၀၀၀ ကျပ်၊ ညွှံ့မထဆန် (မနော်သုခ)(သစ်)တစ်အိတ် ၅,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၂,၀၀၀ကျပ် စျေးတက်၍ ဆန်ကွဲ B (1,2)တစ်အိတ် ၂,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၃၀၀ကျပ် စျေးကျဆင်းကာ ပေါ်ဆန်းမွှေးဆန်စျေးများတည်ငြိမ် လျက်ရှိသည်။ ဆန်ကွဲB(1,2)နှင့် ဖွဲနုတို့

ဈေးကျသွားခြင်းမှာ ကုန်ကြမ်းများကာ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပြီး ဧည့်မထဆန် (မနောသုခ)(ဟောင်း)၊ ဧည့်မထဆန် (မနောသုခ)(သစ်)နှင့် ဆန်ကွဲB(2,3,4) ဈေးများမြင့်တက်သွားခြင်းမှာ အဝယ်လိုက်လာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

Source: https://myantrade.gov.mm/article/21%202%202025%20bago%201600

## ရေဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

ရေဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။ ဇလွန်မြို့နယ်တွင် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ပဲတီစိမ်းများ ဝယ်ယူမှုကောင်းပြီး၊ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲတီစိမ်းများ ဝယ်ယူမှုကောင်းလာခြင်းသည် ဒေသထွက် ပဲတီစိမ်းများကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်ယူမှုကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ "ဒေသထွက်ကုန် ပဲတီစိမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါအဝယ်လိုက်နေတယ်။ ဖေဖော်ဝါရီလ ပထမပတ်ကတည်းလောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်နေတာဖြစ်တယ်။ ဒေသထွက်ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတယ်" ဟု သိရသည်။ ဇလွန်မြို့နယ်တွင် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၇,၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲတီစိမ်းအပြင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲထောပတ်၊ ပဲလွမ်းဖြူ စသည့် ရာသီထွက်ကုန်များကို တင်ပို့ရောင်းချနေကြောင်း ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ထံမှ သိရသည်။

Source: ရတနာပုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_27022025_1105

## ရေဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

ရေဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။ ကျုံပျော်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထိ ကုလားပဲခြမ်းများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ကုလားပဲခြမ်းများ တစ်ရက်လျှင် ပိဿာချိန် ၁,၀၀၀ မှ ၂,၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ "ကုလားပဲခြမ်းတွေက အရင်ထက် တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ကုလားပဲခြမ်းတွေက ဆောင်းကာလ ကျန်တဲ့ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ကုလားပဲစိုက်တောင်သူတွေ၊ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက် ကုလားပဲခြမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းနေပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။ ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၆,၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_27022025_1045

## မအူပင်ဈေးကွက်၌ ဗီယက်နမ် ငရုတ်ခြောက် ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ အခြေခံစားသောက်ဈေးကွက်သို့ ပွင့်လင်းရာသီ၌ နေ့စဉ်ငရုတ်ခြောက်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလကတည်းကစတင်၍ ဈေးကွက်အတွင်းဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ငရုတ်အမှည့်စိမ်းနှင့် ငရုတ်သီးစိမ်း၊ ငရုတ် မိုးထောင်၊ အောက်ဆွဲ၊ ဗီယက်နမ် ငရုတ်အခြောက်တောင့်မျိုးများကိုသာ အများဆုံးစိုက်ပျိုးပြီး အခြားတိုင်း ဒေသသို့တင်ပို့လျက်ရှိသည်။

ဗီယက်နမ်ငရုတ်အခြောက်ကို ၂၀၂၄ ခုနှစ်တွင်စိုက်ပျိုးပြီး ထွက်ရှိသော ငရုတ်ခြောက်များကို ၂၀၂၅ ခုနှစ် ပွင့်လင်းရာသီတွင် အရောင်းအဝယ် နှစ်စဉ်ဖြစ်လျက်ရှိကြောင်း၊ ငရုတ်ခြောက်စတင် ဈေးကွက်ဝင်ရောက်ချိန် ဒီဇင်ဘာလ ပထမပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀-၁၂၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ပြီး တစ်ရက်လျှင် ပိဿာချိန် ၃၀ ဝင် အိတ်ရေ ၁၀၀ မှ ၃၀၀ အထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီပထမပတ်တွင် အရောင်းအဝယ်ဖြစ်သည့်

ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဗီယက်နမ်ရေတ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀-၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလဈေးနှုန် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဈေးနှိုင်းယှဉ်ပါက ငွေကျပ် ၂၅၀၀-၃၅၀၀ ခန့် ဈေးနှုန်းအနည်းငယ် ကျဆင်း၍ အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းဝယ်ယူစားသုံးမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။ DOCA (ရောဝတီ)

Source: https://www.doca.gov.mm/my/node/32532

## ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကွမ်းသီးခြောက်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ "အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီမှာလုပ်ပြီးသိုလှောင်ထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ဇန်နဝါရီလအတွင်းက ကွမ်းသီးခြောက်ပိဿာချိန် ၈၀,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။

ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းတယ်။ လက်ရှိဒေသကကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်ကအဝယ်လိုက်နေတယ်။ ဒီနှစ်ကွမ်းသီးခြောက်က ပြည်တွင်းမှာကိုဝယ်ယူမှုများနေတယ်။ ရန်ကုန်ဘက်ကလဲ ကုန်အမှာတွေရှိနေပါတယ်"ဟု သိရသည်။ ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ကွမ်းသီးများကိုလိုက်လံဝယ်ယူပြီး အလုံးအတိုင်းနှင့် ခွဲစိတ်ပြီး ပုံစံနှစ်မျိုးပြုလုပ်၍ စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကွမ်းသီးခြောက်များ ရောင်းအားကောင်းလာသည့်အတွက် ကွမ်းသီးခြောက်သိုလှောင်သူများ၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကွမ်းသီးညှပ် လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_24022025_0240

# နိုင်ငံတကာဈေးကွက်

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းကျော် တင်ပို့ရန် ရည်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းကျော် အဓိကအားဖြင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ တင်ပို့ရန်ရည်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန(MARD)ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန (MOIT) သို့ ပေးပို့သော MARD ၏ အစီရင်ခံစာအရ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဆန်ဟက်တာ ၃ ဒသမ ၇၈ သန်းစိုက်ပျိုးနိုင်ပြီး တန်ချိန် ၂၃ ဒသမ ၉၆ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ စုစုပေါင်းစပါးတန်ချိန် ၁၅ ဒသမ ၀၈ သန်းနှင့်ညီမျှသည့် ကြိတ်ခွဲပြီး ဆန် ၇ ဒသမ ၅၄ သန်းကို တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆန်တင်ပို့မှု အစီအစဉ်တွင် အရည်အသွေးမြင့်ဆန်မွှေး တန်ချိန် ၅ ဒသမ ၆၅ သန်း (၇၅ ရာခိုင်နှုန်း)၊ ကောက်ညှင်းဆန် တန်ချိန် ၇၅၄,၀၀၀ (၁၀ ရာခိုင်နှုန်း) နှင့် အလတ်စားဆန် တန်ချိန် ၁ ဒသမ ၁၃ သန်း (၁၅ ရာခိုင်နှုန်း) ပါဝင်ကြောင်း သိရသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် တန်ချိန် ၄ ဒသမ ၅၃ သန်းတင်ပို့နိုင်မည်ဖြစ်ပြီး ကျန်နှစ်ဝက်တွင် တန်ချိန် ၃ သန်းကျော် တင်ပို့နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ စပါးစိုက်ပျိုးဧရိယာသည် ၂၀၂၅ ခုနှစ်တွင် စုစုပေါင်း ဟက်တာ ၇ သန်းရှိမည်ဟု မျှော်မှန်းထားပြီး စုစုပေါင်းထွက်ရှိမှုမှာ တန်ချိန် ၄၃ ဒသမ ၁၄ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

Source: The Saigon Times, (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/npt-2122025340

## ၂၀၂၅ ခုနှစ်တွင်း ဖိလစ်ပိုင်နိုင်ငံ၏ ဆန်လိုအပ်ချက် တန်ချိန် ၁၅ သန်းခန့်ရှိမည်ဟု ခန့်မှန်း

၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းဆန်လိုအပ်ချက် တန်ချိန် ၁၅ သန်း ကျော်မည်ဖြစ်ကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ပြောကြားခဲ့သည်။ ၂၀၂၅ ခုနှစ်အတွင်း စိုက်ပျိုးနိုင်မှု အခြေအနေကောင်းမွန်သဖြင့် စပါးရိတ်သိမ်းမှုမြင့်တက်နိုင်ကြောင်းစိုက်ပျိုးရေးဝန်ကြီးဌာနလက်ထောက်အတွင်းဝန်မှလည်း ရှင်းလင်းပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်က အယ်နီညိုနှင့် လာနီညာရာသီဥတုတို့သည် ပြည်တွင်းဆန်ထုတ်လုပ်မှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ စပါး (Palay/unmilled rice) ထွက်ရှိမှုသည် တန်ချိန် ၁၉ ဒသမ ၄၁ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်က တန်ချိန် ၂၀ ဒသမ ၀၆ သန်းရှိခဲ့သည်။

သို့ရာတွင် အစိုးရ၏ စိုက်ပျိုးရေရရှိရေးနှင့် မျိုးစေ့များ ထောက်ပံ့ပေးမှုများကြောင့် ၂၀၂၅ ခုနှစ် အတွင်း စပါးအထွက်နှုန်းမြင့်တက်လာနိုင်ကြောင်း၊ Food Industry မှလည်း ဆန်လိုအပ်ချက် ၁၃ ဒသမ ၄ မက်ထရစ်တန်ခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားရှိသည်။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပြည်ပမှ တင်သွင်းထားသည့် ဆန်တန်ချိန် ၁၀၁,၁၁၅ ဒသမ ၉၀ မက်ထရစ်တန် ရောက်ရှိထားပြီးဖြစ်ကြောင်းနှင့် ၆၁ ဒသမ ၅၄ ရာခိုင်နှုန်းအား ဈေးကွက်တွင်းဖြန့်ချိထားပြီးဖြစ်သည်။ ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် ၁၅၄,၆၉၂ ဒသမ ၀၄ မက်ထရစ်တန် ရောက်ရှိသွားရန် ခန့်မှန်းထားကြောင်း ဖော်ပြပါရှိသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဆန်တန်ချိန် ၂၇၃,၃၁၇ ဒသမ ၆၉ မက်ထရစ်တန် တင်သွင်းထားခဲ့ပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှု မှာ မက်ထရစ်တန်ချိန် ၃ ဒသမ ၆ သန်းရှိရာမှ ၂၀၂၄ ခုနှစ်တွင်ဆန် တန်ချိန် ၄ ဒသမ ၆၈ သန်း ထိ စံချိန်တင် တင်သွင်းမှုများရှိခဲ့သည်။

ပြည်တွင်းဆန်လက်လီဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အမြင့်ဆုံးဆန်ဈေးနှုန်းသတ်မှတ်ချက်(Maximum Suggested Retail Price–MSRP)အား သတ်မှတ်ခြင်း၊ စားနပ်ရိက္ခာဖူလုံရေး အရေးပေါ်ကြေညာချက်အား ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါအစီအစဉ်အရ အစိုးရမှ ဆန်အရန်ရိက္ခာများအား ဈေးကွက်ထဲသို့ ဖြန့်ချိရောင်းချပေးခဲ့သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ရှိ ပြည်ပမှတင်သွင်းသည့်ဆန် (5% broken) ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၅၂ ပီဆို ဖြစ်ကြောင်း၊ လာမည့် မတ်လတွင် ဆန်တစ်ကီလိုလျှင် ၄၉ ပီဆိုထိလျှော့ချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

စားနပ်ရိက္ခာဖူလုံရေးအရေးပေါ်ကြေညာချက်အား ထုတ်ပြန်ခဲ့ပြီးနောက် ဖိလစ်ပိုင်စားနပ်ရိက္ခာဖူလုံရေး အာဏာပိုင်အဖွဲ့ (National Food Authority–NFA) မှ အစိုးရဆန်သက်သာဆိုင် (Kadiwa Outlets) များမှ တစ်ဆင့်ဈေးကွက်တွင်းသို့ ဆန်တန်ချိန် ၁၅၀,၀၀၀ အား ဖြန့်ချိရောင်းချပေးခဲ့သည်။ အထူးသဖြင့်မြို့တော် မနီလာအပါအဝင် မက်ထရိုမနီလာ ဈေးကွက်များအတွင်းသို့ အဓိကထားရောင်းချ ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးကွက်တွင်း ပြည်ပမှတင်သွင်းသည့်ဆန်(well–milled) တစ်ကီလိုလျှင် ၃၈ ပီဆို မှ ၃၅ ပီဆိုသို့ လည်းကောင်း၊ special white rice တစ်ကီလိုလျှင် ၅၈ ပီဆိုမှ ၅၅ ပီဆိုသို့လည်းကောင်း၊ Premium Rice တစ်ကီလိုလျှင် ၅၅ ပီဆိုမှ ၅၀ ပီဆိုသို့လည်းကောင်း အသီးသီးဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း ဖော်ပြပါရှိသည်။ (စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/npt–1822025346

## ထိုင်းနိုင်ငံ၌ စပါးစိုက်တောင်သူများအတွက် အထောက်အပံ့ပေးမည့် အဆိုပြုလွှာကို နိုင်ငံအဆင့် ဆန်စပါးမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြနိုင်ရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံရှိ ရာသီပြင်ပစိုက်ပျိုးသည့် စပါးစိုက်တောင်သူများကို ထောက်ပံ့ပေးမည့်အစီအမံများကို နိုင်ငံအဆင့်ဆန်စပါးမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီသို့တင်ပြနိုင်ရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးသည် ရာသီချိန်ပြင်ပ စပါးဈေးကို ၁ တန်လျှင် ဘတ် ၁၀,၀၀၀ ဈေးအာမခံပေးရန်တောင်းဆိုသော အယုဒ္ဓယရှိတောင်သူအဖွဲ့နှင့်တွေ့ဆုံခဲ့ကြောင်း၊ သို့သော် ဆွေးနွေးမှုသည် သဘောတူညီမှု မရရှိခဲ့ဘဲ တောင်သူများကလည်း လိုလားချက်ကို အလျှော့မပေးခဲ့ကြောင်း၊ အစိုးရသည် တောင်သူများ၏ လိုလားချက်ကို ဖြေရှင်းပေးမည်ဖြစ်ပြီး အဖြေအတွက်ဆောင်ရွက်နေကြောင်း၊ အစိုးရသည် ယခင်က ရာသီချိန်ပြင်ပဆန်စပါးများအတွက် တိုက်ရိုက်မထောက်ပံ့သော်လည်း ထပ်လောင်း အစီအမံများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတွင် တောင်သူများကို ၁ တန်လျှင် ဘတ် ၁,၀၀၀ ထပ်ဆောင်းပေးခြင်းဖြင့် စပါးဈေးကို အထောက်အပံ့ပေးပြီး ကိုယ်ပိုင်သိုလှောင်သည့်ကန်ဖြင့် သိုလှောင်ပါက ၁ တန်လျှင် ဘတ် ၁,၅၀၀ ထိ တိုးပေးကြောင်း၊ အဆိုပြုလွှာကို ခွင့်ပြုချက်ရရှိနိုင်ရေး ကော်မတီသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ တောင်သူအသင်းများက တောင်းဆိုချက်ဖြစ်သည့် ဈေးနှုန်းအာမခံမူဝါဒ ပြန်လည်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း

၍ ယခင်ဝန်ကြီးချုပ် Mr. Srettha Thavisin အစိုးရလက်ထက် အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စပါးဈေးနှုန်းအာမခံမူဝါဒဖြစ်သော ၁ တန်လျှင် ဘတ် ၁၀,၀၀၀ ကို တားမြစ်ထားသဖြင့် မူဝါဒမပြောင်းလဲသည့်ကာလအထိ အကျုံးဝင်ကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

ယခုအစီအစဉ်သည် ရာသီချိန်ပြင်ပစပါးအတွက် အစိုးရ၏ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ စိုထိုင်းမှု ၁၅ ရာခိုင်နှုန်း ပါဝင်သော စပါး ၁ တန်လျှင် ဈေးကွက်တန်ဖိုးသည် ဘတ် ၈,၅၀၀ ဖြစ်ပြီး ထပ်လောင်းသိုလှောင်မှု အထောက်အပံ့များပါဝင်ပါက ဘတ် ၉,၅၀၀ ထိ မြှော်မှန်းနိုင်ကြောင်း၊ တောင်သူများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့နည်းစေလိုသော ရည်ရွယ်ချက်ဖြင့် ဈေးကွက်တန်ဖိုးထက် ဘတ် ၅၀၀ ပိုမိုပေး၍ ဝယ်ယူမည့်နေရာများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Wittayakorn Maneenetr က ဖြည့်စွက်ပြောကြားခဲ့သည်။

Source: www.bangkokpost.com စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-2622025421

## အိန္ဒိယသည် ဒေသခံတောင်သူများအား ပံ့ပိုးကူညီရန် ဟင်းသီးဟင်းရွက်ဆီ တင်သွင်းခွန်အား တိုးမြှင့်ကောက်ခံဖွယ်ရှိ

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆီထွက်သီးနှံဈေးနှုန်းများ ကျဆင်းမှုကြောင့် ထောင်နှင့်ချီသော ဆီထွက်သီးနှံတောင်သူများကိုထောက်ပံ့ကူညီရန်အတွက် ဟင်းသီးဟင်းရွက်ဆီများအပေါ် တင်သွင်းခွန်ကောက်ခံမှုအား ခြောက်လအတွင်း ဒုတိယအကြိမ် တိုးကောက်ဖွယ်ရှိကြောင်း အစိုးရသတင်း ရင်းမြစ်နှစ်ခုက ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးစားသုံးဆီတင်သွင်းသူ၏ သွင်းကုန်ခွန်တိုးမြှင့်ခြင်းသည် ပြည်ပမှ စားအုန်း ဆီ၊ ပဲဆီနှင့် နေကြာဆီများ ဝယ်ယူမှုလျှော့ချနိုင်ခြေရှိပြီး ပြည်တွင်းစားသုံးဆီနှင့် ဆီထွက်သီးနှံ ဈေးနှုန်းများကို မြင့်တက်စေနိုင်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် အိန္ဒိယသည် ရေနံစိမ်းနှင့်သန့်စင်ပြီး ဟင်းသီးဟင်းရွက်ဆီများအပေါ် အခြေခံအကောက်ခွန် ၂၀ ရာခိုင်နှုန်းချမှတ်ခဲ့သည်။ ထိုသို့ အခွန်နှုန်းထားပြင်ဆင်ပြီးနောက် စားအုန်းဆီ၊ ပဲဆီနှင့် နေကြာဆီ ကုန်ကြမ်းများသည် ယခင်ကကောက်ခံသည့် ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက ၂၇ ဒသမ ၅ ရာခိုင်နှုန်း အထိ တင်သွင်းခွန်ဆောင်ခဲ့ရပြီး ယခုအခါ သန့်စင်ပြီးဖြစ်သော ယင်းဆီသုံးမျိုးအပေါ် အခွန် ၃၅ ဒသမ ၇၅ ရာခိုင်နှုန်း သွင်းကုန်ခွန်ကောက်ခံလျက်ရှိသည်။

အကောက်ခွန်တိုးပြီးသော်လည်း ပဲပုပ်ဈေးသည် အိန္ဒိယအစိုးရကသတ်မှတ်ထားသော ထောက်ပံ့ဈေးထက် ၁၀ ရာခိုင်နှုန်းအောက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်းနှင့် ကုန်သည်များကလာမည့်လတွင် ရာသီ သီးနှံသစ်များ ဈေးကွက်သို့စတင်ဝင်ရောက်လာသည်နှင့်အမျှ rapeseed ဈေးနှုန်းများ ထပ်မံကျဆင်းရန် မျှော်လင့်ထားနေကြကြောင်း သိရသည်။

ပြည်တွင်းပဲပုပ်ဈေးသည် ၁၀၀ ကီလိုဂရမ်လျှင် ၄၃၀၀ ရူပီး (၄၉ ဒသမ ၆၄ ဒေါ်လာ) ဝန်းကျင်ရှိပြီး နိုင်ငံတော်မှ သတ်မှတ်ထားသော အနိမ့်ဆုံးထောက်ပံ့ဈေး ၄၈၉၂ ရူပီးထက် နိမ့်ကျလျက်ရှိသည်။ ဆီထွက်သီးနှံ ဈေးနှုန်းများ နိမ့်ကျခြင်းကြောင့် စားသုံးဆီတင်သွင်းခွန်များ တိုးမြှင့်ကောက်ခံသင့်သည်ဟု တာဝန်ရှိသူတစ်ဦးကပြောကြားထားပြီး တိုးမြှင့်မည့် ပမာဏအတိအကျကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။

ဆီထွက်သီးနှံ တောင်သူများသည် ဖိအားများခံနေရပြီး ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် ၎င်းတို့၏ စိတ်ဝင်စားမှုကို ဆက်လက်ထိန်းသိမ်းထားရန် ပံ့ပိုးကူညီမှုများလိုအပ်နေကြောင်း Solvent Extractors' Association of India မှ အမှုဆောင်ဒါရိုက်တာ B.V. Mehta က ပြောကြားခဲ့သည်။

အိန္ဒိယ ဆီကြိတ်ခွဲသန့်စင်သည့် လုပ်ငန်းရှင်များက မတ်လ မှ ဇွန်လအတွင်း တင်ပို့ရန် စီစဉ်ထားသော စားအုန်းဆီကုန်ကြမ်း မက်ထရစ်တန် ၁ သိန်းအား တင်သွင်းခွန်တိုးလာခြင်းကြောင့် ပယ်ဖျက်ခဲ့သည်ဟု Reuters က ဖော်ပြခဲ့သည်။

အိန္ဒိယသည် ၎င်း၏ ဟင်းသီးဟင်းရွက်ဆီလိုအပ်ချက်၏ သုံးပုံနှစ်ပုံနီးပါးကို ပြည်ပမှတင်သွင်းနေရပြီး ဆီအုန်းကို အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ အဓိကဝယ်ယူကာ ပဲဆီနှင့် နေကြာဆီတို့ကို အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့် ယူကရိန်းတို့မှ တင်သွင်းကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ပြည်တွင်းဆီထွက်သီးနှံဈေးနှုန်းကျဆင်းမှုကိုတားဆီးနိုင်ရန်နှင့် ဆီထွက် သီးနှံစိုက်ပျိုးသူတောင်သူများအား အထောက်အပံ့ဖြစ်စေရန်အတွက် ပြည်ပမှတင်သွင်းသည့် ဟင်းသီးဟင်းရွက်ဆီများကို အခွန်နှုန်းတိုးမြှင့်ကောက်ခံရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေအား သိရသည်။

Source: India likely to raise vegetable oil import taxes to help support local farmers, The Economic Times, 21 February, 2025. , (စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/npt-25220251226

## အာဖဂန်နစ္စတန်၌ ဝါဂွမ်းတန်ချိန် ၁၅၉,၀၀၀ ထွက်ရှိ

၂၀၂၄ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ ဝါဂွမ်းအထွက်နှုန်း တန်ချိန် ၁၅၉,၀၀၀ ရှိခဲ့ပြီး ယခင်နှစ်ကထက် အထွက်နှုန်း ၃၀ ရာခိုင်နှုန်းတိုးလာကြောင်း အမျိုးသားစာရင်းအင်းနှင့် သတင်းအချက်အလက် အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားထားသည်။

နိုင်ငံအတွင်း စုစုပေါင်း ဝါဂွမ်းတန်ချိန် ၁၅၉,၀၀၀ ကို ရိတ်သိမ်းထားပြီး အနောက်ပိုင်း ဟယ်လ်မန်ပြည်နယ်မှ တန် ၈၀ နှင့် မြောက်ပိုင်း ဘာ့ခ်ပြည်နယ်တွင် ၃၄ တန် ထွက်ရှိကြောင်း အမျိုးသား စာရင်းအင်းနှင့် သတင်းအချက်အလက်အာဏာပိုင် အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဟာလင်ရာဖီက ဆိုသည်။

အာဖဂန်နစ္စတန်တွင် လွန်ခဲ့သည့်နှစ်က ဝါစိုက်ပျိုးမြေဟက်တာ ၁၀၅,၀၀၀ ရှိပြီး ဟယ်လက်မန်၊ ဘာ့ခ်၊ တာခါ၊ ကန်ဒါဟာ၊ ဂျော့ဇ်ဂျန်နှင့် နန်ဂါဟာပြည်နယ်တို့သည် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးပြည်နယ်များထဲတွင် ပါဝင်ကြောင်း၊ ဝါဂွမ်းကို အာဖဂန်ရှိ ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၁၅ ခုတွင် စိုက်ပျိုးကြကြောင်း ရာဖီကပြောကြားသည်။

Source: မြန်မာ့အလင်းသတင်းစာ

## တရုတ်နိုင်ငံသည် အမေရိကန်ထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် စီစဉ်လျက်ရှိ

အမေရိကန်နှင့် ကုန်သွယ်ရေးတင်းမာမှုများ ကြီးထွားလာနေချိန်တွင် တရုတ်နိုင်ငံသည် အမေရိကန်ထုတ်ကုန်များအပေါ် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ထပ်တိုးအခွန် စည်းကြပ်မည်ဖြစ်ပြီး အမေရိကန်ကုမ္ပဏီ Google Inc ကို လက်ဝါးကြီးအုပ်မှုဆန့်ကျင်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းအပြင် အခြားသော ကုန်သွယ်မှုအစီအမံများကို စတင်မည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်၍ အမေရိကန်မှ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် စည်းကြပ်ခွန် ၁၅ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ကောက်ခံမည်ဖြစ်သည့်အပြင် ရေနံစိမ်း၊ လယ်ယာသုံးစက်ယန္တရားကြီးများ၊ large-displacement automobiles နှင့် ပစ်ကပ်ထရပ်ကားများအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်ကော်မရှင်က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း ထပ်မံတိုးမြှင့် ကောက်ခံမည်ဟု အမေရိကန်၏ကြေညာချက်အပြီးတွင် ထိုသို့ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်၏ တစ်ဖက်သတ်အကောက်ခွန်စည်းကြပ်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကိုချိုးဖောက်ပြီး အမေရိကန်၏ပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိဘဲ နှစ်နိုင်ငံအကြား ပုံမှန်စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်း ဆောင်ရွက်မှုကိုပါ ပျက်ပြားစေသည်ဟု တရုတ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံက ထပ်မံတိုးမြှင့်လိုက်သည့် အခွန်စည်းကြပ်မှုသည် အမေရိကန်ကုမ္ပဏီ အများစုကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဖိအားများကြောင့် အမေရိကန်ကုမ္ပဏီတစ်ခုသည် တရုတ်ဈေးကွက်မှ နုတ်ထွက်လိုက်ပါက ပြန်လည်ဈေးကွက်ဝင်ရောက်ရေးနှင့် ပတ်သက်ပြီး အတားအဆီးများ ကြီးမားလာနိုင်ကြောင်း တရုတ်အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အကယ်ဒမီမှ အကြီးတန်း သုတေသီ Zhou Mi က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်ဈေးကွက်သည် အမေရိကန်ကုမ္ပဏီများအတွက် ဆွဲဆောင်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသဖြင့် ၎င်းတို့၏ သက်ဆိုင်ရာစီးပွားရေးအကျိုးရလဒ်များကိုထိန်းထား၍ ပေကျင်းနှင့် ဝါရှင်တန်တို့က ပွင့်လင်းမြင်သာစွာ ဆွေးနွေးမှုများပြုလုပ်ရန်နှင့် နှစ်ဖက်စလုံး၏ စီးပွားရေးလုပ်ငန်းများ၏ စိုးရိမ်မှုများကို ဖြေရှင်းနိုင်သော နည်းလမ်းကို ရှာဖွေရန် Zhou က ထပ်မံဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ Donald Trump သည် လာမယ့် ၂၄ နာရီအတွင်း သွင်းကုန်ခွန်ဆိုင်ရာ ကိစ္စရပ်များ နှင့်ပတ်သက်၍ တရုတ်ခေါင်းဆောင်များနှင့် စကားပြောရန် စီစဉ်ထားကြောင်း The Wall Street Journal ကို ပြောကြားခဲ့ပြီး Trump မှ စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်မည့်အစီအစဉ်သည် အစပိုင်းသာဖြစ်သည်ဟုလည်း ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် ကုန်သွယ်ရေးတင်းမာမှုများ တိုးလာနေချိန်တွင် တရုတ်နိုင်ငံသည် ၎င်း၏ တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် WTO ၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြထားကြောင်း၊ တရုတ်နိုင်ငံသည် အမေရိကန်၏ လုပ်ဆောင်ချက်ကို ပြတ်ပြတ်သားသားဆန့်ကျင်ပြီး ၎င်း၏ လုပ်ဆောင်ချက်များကို ချက်ချင်းပြင်ဆင်ရန် အမေရိကန်အား တိုက်တွန်းကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အရေးကြီးဓာတ်သတ္တုများအပေါ် ပို့ကုန်ထိန်းချုပ်ရေး မူဝါဒများကိုလည်း ကြေညာခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်ပြီး ပို့ကုန်ထိန်းချုပ်ရေးစာရင်းတွင် tungsten၊ tellurium၊ bismuth၊ molybdenum နှင့် indium ဆက်စပ်ပစ္စည်းများကိုထည့်သွင်းထားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်းသိရသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမေရိကန်အဝတ်အထည်ကုမ္ပဏီ PVH Corp နှင့် ဇီဝနည်းပညာကုမ္ပဏီ Illumina Inc တို့ကို ယုံကြည်စိတ်ချရမှုမရှိသော အဖွဲ့အစည်းစာရင်းတွင် ထည့်သွင်းထားကြောင်း၊ တရုတ်နိုင်ငံသည် အဆိုပါကုမ္ပဏီနှစ်ခုအား သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ငင်းကုမ္ပဏီနှစ်ခုသည် ပုံမှန်ဈေးကွက်ကုန်သွယ်မှုစည်းမျဉ်းများကိုချိုးဖောက်ကာ တရုတ်စီးပွားရေးလုပ်ငန်းများနှင့် ပုံမှန်အရောင်းအဝယ်များကိုဖျက်ဆီးပြီး တရုတ်ကုမ္ပဏီများအပေါ် ခွဲခြားဆက်ဆံသည့် အစီအမံများပြုလုပ်၍ တရုတ်ကုမ္ပဏီများ၏ တရားဝင်အခွင့်အရေးနှင့်အကျိုးစီးပွားများကိုဆိုးရွားစွာထိခိုက်စေကြောင်းဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ လက်ဝါးကြီးအုပ်မှု တိုက်ဖျက်ရေးဥပဒေအား ချိုးဖောက်သည်ဟု သံသယရှိသော အမေရိကန်နည်းပညာကုမ္ပဏီကြီး Google Inc ကို စုံစမ်းစစ်ဆေးမှုစတင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းဈေးကွက်ထိန်းချုပ်ရေးဌာနဖြစ်သည့် ဈေးကွက်စည်းမျဉ်းဆိုင်ရာ နိုင်ငံတော်စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Yuekai Securities မှ ဘောဂဗေဒပညာရှင် Luo Zhiheng က တရုတ်သည် အိမ်ဖြူတော်၏ မည်သည့်အခွန်ခြိမ်းခြောက်မှုကိုမဆို ထိရောက်သော တန်ပြန်အရေးယူမှုများပြုလုပ်သင့်ပြီး ပြည်တွင်းမူဝါဒများကို ပိုမိုကောင်းမွန်အောင်မြှင့်တင်ကာ ဈေးကွက်မျှော်လင့်ချက်များကို ဦးစားပေးလုပ်ဆောင်သင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Trump အစိုးရ၏ ပထမသက်တမ်းတွင် ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံပြီး တရုတ်သည် အမေရိကန်၏ ကုန်သွယ်ရေးခြိမ်းခြောက်မှုကိုတုံ့ပြန်ရန် ထပ်ဆောင်းအခွန်စည်းကြပ်မှုနှင့် ပို့ကုန်ထိန်းချုပ်မှုကဲ့သို့ အစီအမံများကို အသုံးချသင့်သည်ဟု Luo က ပြောကြားခဲ့ကြောင်းသိရသည်။

တရုတ်သည် ဒဏ်ခတ်ပိတ်ဆို့ထားသော ကုန်ပစ္စည်းများနှင့် ကုမ္ပဏီစာရင်းကို ဆက်လက် တိုးချဲ့ခြင်းဖြင့် ဝါရှင်တန်နှင့် စေ့စပ်ညှိနှိုင်းရာတွင် ပေကျင်း၏ သြဇာလွှမ်းမိုးမှုကို တိုးမြှင့်သင့်သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများ မြင့်မားလာခြင်းကြောင့် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများ၏ စွမ်းအားကိုမြှင့်တင်ရန်၊ ပြင်ပဝယ်လိုအား ကျဆင်းနိုင်မှုကို တုံ့ပြန်ရေးအတွက် ပြည်တွင်းဝယ်လိုအားကို တက်ကြွစွာတိုးချဲ့ရန်၊ အဆင့်မြင့်ဈေးကွက် ဖွင့်လှစ်မှုကို ရှေ့သို့မှန်မှန် တွန်းအားပေးရန်၊ ကုန်သွယ်မှုလုပ်ဖော်ကိုင်ဖက်များနှင့် ကွန်ရက်များ ချဲ့ထွင်ကာ ၎င်း၏ကုန်သွယ်မှုကို ကွဲပြားစေရန် ဆောင်ရွက်သင့်သည်ဟု Luo က ပြောကြားခဲ့ကြောင်းလည်း သိရသည်။ Source: https://www.chinadaily.com.cn/a/202502/04/WS67a23698a310a2ab06eaa15c.html,
(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/npt-1422025240

## လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အတွက် ဆွေးနွေးပွဲများ ပြန်လည်စတင်တော့မည့် အိန္ဒိယနှင့် ဗြိတိန်

အိန္ဒိယ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအဆိုအရ အိန္ဒိယနှင့် ဗြိတိန်တို့သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ကတည်းက စတင်ခဲ့သည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီဆိုင်ရာ ဆွေးနွေးပွဲများကို ယခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းတွင် ပြန်လည်စတင်ရန် နှစ်ဖက်အဆင်ပြေမည့်ရက်များ ညှိနှိုင်းနေကြောင်း သိရသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၆ ဘီလီယံ မှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ကန်ဒေါ်လာ ၂၁ ဒသမ ၃၄ ဘီလီယံအထိ တိုးမြှင့်လာခဲ့သည်။ အိန္ဒိယသည် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့်စပ်လျဉ်း၍ ဗြိတိန်နှင့် ၁၃ ကြိမ်အထိဆွေးနွေးထားပြီး ၁၄ ကြိမ်မြောက်ဆွေးနွေးပွဲမှာနှစ်ဖက်ရွေးကောက်ပွဲများကြောင့်ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။ အိန္ဒိယသည် ဗြိတိန်နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူညီချက်နှင့် ပထဝီဝင်ဆိုင်ရာ ညွှန်ပြမှုများ (GIs) ဆိုင်ရာ သဘောတူညီချက်တို့ကို ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယသည် ဥရောပသမဂ္ဂ(EU)နှင့်လည်း လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် ညှိနှိုင်းနေပြီး ကွဲပြားမှုများကြောင့် ညှိနှိုင်းမှုများကို ၂၀၁၃ ခုနှစ်တွင် ခေတ္တဆိုင်းငံ့ကာ ၂၀၂၂ ခုနှစ်၊ ဇွန်လမှ ပြန်လည်စတင် ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနှင့် အီးယူသည် ၉ ကြိမ်မြောက်အထိ ညှိနှိုင်းခဲ့ပြီး ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရဝယ်ယူရေး၊ အပင်၊ လူနှင့်တိရစ္ဆာန်ကျန်းမာရေး(SPS) နှင့် ကုန်သွယ်မှုဆိုင်ရာနည်းပညာဆိုင်ရာ အတားအဆီးများ(TBT)ကို ဆွေးနွေးခဲ့ကြသည်။ ၁၀ ကြိမ်မြောက်ဆွေးနွေးပွဲကို မတ်လ ၁၀ ရက်မှ ၁၄ ရက်အထိ ပြုလုပ် ရန်စီစဉ်ထားကြောင်း အိန္ဒိယ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယ - အီးယူ စုစုပေါင်းကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကျော်ခဲ့ပြီး အိန္ဒိယမှ ကုန်စည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၁၈ ဘီလီယံနှင့် ဝန်ဆောင်မှုတင်ပို့မှု ကန်ဒေါ်လာ ၃၁ ဒသမ ၁၃ ဘီလီယံရှိခဲ့

ကြောင်း၊ အီးယူမှ အိန္ဒိယသို့ ကုန်စည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၄၄ ဘီလီယံနှင့် ဝန်ဆောင်မှု အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃၅ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယသည် အာမေးနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်နှင့် ရုရှားတို့ပါဝင်သည့် ယူရေးရှန်း စီးပွားရေးသမဂ္ဂ Eurasian Economic Union (EEU)နှင့်လည်း လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် အပြီးသတ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်များတွင် နှစ်နိုင်ငံနှင့်အထက် ကုန်သွယ်ဘက်နိုင်ငံများက အကောက်ခွန်ဖယ်ရှားခြင်း သို့မဟုတ် လျှော့ချခြင်းများဆောင်ရွက်ကြရာ အိန္ဒိယကုန်စည်များသည် ဈေးကွက်ပိုမိုဝင်ရောက်နိုင်မည်ဖြစ်သည်။ ယူရေးရှန်း စီးပွားရေးသမဂ္ဂအတွင်း ရုရှားသည် အိန္ဒိယနှင့် ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်ပြီး ရေနံစိမ်းတိုးမြှင့်တင်သွင်းမှုကြောင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အိန္ဒိယမှ ရုရှားသို့ ပို့ကုန် ၄ ဒသမ ၂၆ ဘီလီယံနှင့် သွင်းကုန် ၆၁ ဒသမ ၄၃ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

အာဆီယံ-အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ညှိနှိုင်းမှုများတွင် တိုးတက်မှုများရှိသော်လည်း ကုန်စည်ပိုင်းတွင်ကွဲပြားမှုများရှိသေးကြောင်း၊ လာမည့် ဖေဖော်ဝါရီ ၁၀ ရက်နေ့မှစ၍ အင်ဒိုနီးရှားနှင့် ဆွေးနွေးမှုများ ပြန်လည် စတင်မည်ဟု အိန္ဒိယ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တွဲဖက်အတွင်းဝန်က ပြောကြားခဲ့သည်။

**ရင်းမြစ်။** https://www.business-standard.com

Source: https://commerce.gov.mm/my/article/update-news-international-trade/32139

## အမေရိကန်သမ္မတက သံမဏိနှင့် အလူမီနီယံကုန်ပစ္စည်းအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ချမှတ်ခဲ့

အမေရိကန်သမ္မတသည် သံမဏိနှင့် အလူမီနီယံကုန်စည်များအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ချမှတ်ခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်း၌ ဖော်ပြထားသည်။

အမေရိကန်သမ္မတ၏ သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမည့်အမိန့်သည် ၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်တွင် အသက်ဝင်မည်ဖြစ်ပြီး ယင်းသို့ချမှတ်ခြင်းသည် အမေရိကန်နိုင်ငံအား ချမ်းသာကြွယ်ဝသည့်နိုင်ငံဖြစ်လာစေရန် စမှတ်တစ်ခုဖြစ်ကြောင်း၊ သံမဏိသွင်းကုန်များအပေါ် အကောက်ခွန်နှုန်း သတ်မှတ်ကောက်ခံခြင်းနှင့် ပတ်သက်၍ အမေရိကန်သမ္မတသည် နိုင်ငံခြားအစိုးရများနှင့် အလွယ်တကူညှိနှိုင်းသဘောတူမည်မဟုတ်ကြောင်း၊ သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့က အထူးသဖြင့် တရုတ်နိုင်ငံ အပါအဝင် နိုင်ငံခြားအစိုးရများသည် ၎င်းတို့၏ သံမဏိကုမ္ပဏီများကို ထောက်ပံ့ကြေးပေးလျက်ရှိပြီး ယင်းသို့ထောက်ပံ့ငွေပေးခြင်းကြောင့် နိုင်ငံခြား သံမဏိထုတ်ကုန်များသည် အမေရိကန်ထုတ် သံမဏိများထက် ဈေးသက်သာရာ ယင်းအချက်သည် အမေရိကန်နိုင်ငံ သံမဏိလုပ်ငန်းများအတွက် မျှတမှုမရှိကြောင်း၊ ယင်းသို့ သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအပေါ် သွင်းကုန်ခွန်သတ်မှတ်ကောက်ခံခြင်းသည် အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံများ ဖြစ်သည့် ကနေဒါ၊ မက္ကဆီကို၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများကိုပါ ထိခိုက်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသည် ကနေဒါနိုင်ငံမှ သံမဏိသွင်းကုန်အများဆုံးတင်သွင်းခဲ့ပြီး ကနေဒါပြီးနောက် သွင်းကုန်အများဆုံး တင်သွင်းခဲ့သည့် နိုင်ငံများမှာ ဘရာဇီးလ်၊ မက္ကဆီကို၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ သွင်းကုန်ခွန် ကောက်ခံမှုအပေါ် ယင်းနိုင်ငံများက တုံ့ပြန်မှုအဖြစ် တန်ပြန်သွင်းကုန်ခွန်ချမှတ်လာနိုင်ကြောင်း၊ ကနေဒါစက်မှုဝန်ကြီး Mr. François-Philippe Champagne က ၎င်းအနေဖြင့် နိုင်ငံတကာမိတ်ဖက်များနှင့် ဆွေးနွေးလျက်ရှိပြီး ရှင်းလင်းစွာတုံ့ပြန်သွားမည်ဟု ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။ ဥရောပသမဂ္ဂ ဥက္ကဋ္ဌ Ms. Ursula von der Leyen ကလည်း မျှတမှုမရှိသည့် သွင်းကုန်ခွန်များနှင့်ပတ်သက်၍ ဥရောပသမဂ္ဂအနေဖြင့် ဖြေရှင်းချက်ပေးသွားမည်ဖြစ်ပြီး ခိုင်မာပြီး သင့်လျော်သည့် တန်ပြန်အစီအမံများကိုပါချမှတ်သွားမည်၊ သွင်းကုန်ခွန်သည် အခွန်တစ်မျိုးဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ အတွက် ဆိုးကျိုးဖြစ်စေသကဲ့သို့ စားသုံးသူများအတွက်သာ၍ပင် ဆိုးကျိုးဖြစ်စေသည်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက်နှင့် ၁၁ ရက်တို့တွင် အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာမည့် သံမဏိသွင်းကုန်များကိုထိန်းညှိခြင်း (Adjusting Imports of Steel Into The United States)နှင့် အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာမည့် အလူမီနီယံသွင်းကုန်များကိုထိန်းညှိခြင်း (Adjusting Imports of Aluminum Into The United States) အမိန့်များကိုထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်အရ အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် အလူမီနီယံထုတ်ကုန်များအားလုံးကို သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းနှင့် သံမဏိ ထုတ်ကုန်များအားလုံးကို သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်သွားမည်ဖြစ်ပြီး ယင်းသို့ သွင်းကုန်ခွန် ကောက်ခံမှုသည် ၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်တွင် အသက်ဝင်မည်ဖြစ်သည်။

(ဇစ်မြစ်။ Wall Street), စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။

Source: https://myantrade.gov.mm/article/npt-1422025247

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ်အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်ကို အစ္စရေးနိုင်ငံက သဘောတူလက်ခံခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ်အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်ကို အစ္စရေးမှ လက်ခံကြောင်း အကြောင်းကြားစာကို အစ္စရေး၊ စီးပွားရေးနှင့်စက်မှုဝန်ကြီးက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဒါးဗို့စ်၊ ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည်အစည်းအဝေး၏ ပူးတွဲအစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပေးအပ်ခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အစ္စရေး၏ လက်ခံမှုကိုကြိုဆိုကြောင်း၊ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာသဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံများ ပိုမိုပါဝင်လာမှုကြောင့် သဘောတူညီချက်ဆောလျင်စွာ အသက်ဝင်လာတော့မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ငါးသယံဇာတများကိုအကာအကွယ်ပေးရန်နှင့် ၎င်းတို့ပျက်စီးစေနိုင်မည့်အထောက်အပံ့များ တားမြစ်ရန် အရေးကြီးသဖြင့် ကျန်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်များကလည်း သဘောတူညီချက်ကို လက်ခံပေးရန်၊ အနာဂတ်မျိုးဆက်များ၏ အသက်မွေးဝမ်းကြောင်း အတွက်လိုအပ်သည့် သမုဒ္ဒရာများကို ကာကွယ်ရန် တိုက်တွန်းပြောကြားခဲ့သည်။

အစ္စရေး၊ စီးပွားရေးနှင့်စက်မှုဝန်ကြီးက သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး အဓိကဆောင်ရွက်မည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပထမဆုံးသဘောတူညီချက်တွင် ပါဝင်ထောက်ခံနိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သဘောတူညီချက်သည် ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ဆောင်ရွက်ရေး အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အနီးကပ်အကောင်အထည်ဖော်နိုင်မည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ပြောင်းလဲလာမည့် အလားအလာများကိုလည်း ယုံကြည်မျှော်လင့်ကြောင်း၊ ၁၄ ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံမတိုင်မီ သဘောတူညီချက်ပါ လုပ်ငန်းစဉ်များကို အရှိန်မြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ညွှန်ကြားရေးမှူးချုပ်၏ဦးဆောင်မှုနှင့်အတူသဘောတူညီချက်အကောင်အထည်ပေါ်အောင် လမ်းညွှန်မှု၊ မယိမ်းယိုင်သော ကတိများကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အစ္စရေးသည် ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်ကို လက်ခံသည့် ၈၉ နိုင်ငံမြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ သဘောတူညီချက်စတင်ကျင့်သုံးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအားလုံး၏ သုံးပုံနှစ်ပုံမှ ပါဝင်ရန်လိုအပ်ရာ နောက်ထပ်နိုင်ငံပေါင်း ၂၂ နိုင်ငံမှ လက်ခံရန်နေသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၂ ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ၌ တူညီဆန္ဒဖြင့်သဘောတူညီခဲ့သည့် ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာ့တစ်ဝန်း ငါးလျော့နည်းလာစေသည့်အထောက်အပံ့များမပေးရေးအတွက် ကဏ္ဍစုံစည်းမျဉ်းသစ်များပြဋ္ဌာန်းထားသည်။ ထို့ပြင် အဆိုပါသဘောတူညီချက်၏ တာဝန်များကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs)၏ လိုအပ်ချက်များကို အသိအမှတ်ပြု၍ နည်းပညာဆိုင်ရာ အကူအညီ ထောက်ပံ့ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ထားသည်။

အဆိုပါသဘောတူညီချက်တွင် တရားမဝင်၊ စာရင်းမှတ်ထားခြင်းမရှိ၊ ဥပဒေအရထိန်းကျောင်းခြင်းမရှိသည့် ငါးဖမ်းခြင်းများ (illegal, unreported and unregulated – IUU) အတွက် အထောက်အပံ့များကို တားမြစ်ခြင်း၊ ငါးလျော့နည်းလာစေသည့် စည်းကမ်းလိုက်နာမှုမရှိသောငါးဖမ်းခြင်းအတွက် အထောက်အပံ့များကို အဆုံးသတ်စေခြင်းတို့ပါဝင်သည်။

လက်ရှိသဘောတူညီချက်ကို အဆင့်မြှင့်တင်ရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းလိုသည့် အချက်များရရှိနိုင်ရေး အဖွဲ့ဝင်နိုင်ငံများက ဆက်လက်ညှိနှိုင်းလျက်ရှိသည်။ Source: [www.wto.org](http://www.wto.org)

Source: [https://commerce.gov.mm/my/article/update-news-international-trade/32124](https://commerce.gov.mm/my/article/update-news-international-trade/32124)

## တောင်ကိုရီးယားနိုင်ငံ၏ အရှေ့ပင်လယ်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်တစ်ခုသည် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းမရှိဟုထုတ်ပြန်

တောင်ကိုရီးယားနိုင်ငံ၏ အရှေ့ပင်လယ်ရှိ ရေနံ၊ ဓာတ်ငွေ့သိုက်တစ်ခုသည် စီးပွားဖြစ် ထုတ်လုပ်နိုင်စွမ်းမရှိကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းအတွင်း အဆိုပြုရေနံနှင့်သဘာဝဓာတ်ငွေ့သိုက် ၇ ခုအနက် တစ်ခုတွင် ပထမဆုံး အကြိမ်တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခဲ့ပြီးနောက် ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ယခုကဲ့သို့ ကြေညာလိုက်ခြင်းဖြစ်သည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းရှိ/မရှိကို စဉ်းစားရာတွင် ထည့်သွင်းစဉ်းစားရမည့် ဘူမိဗေဒဆိုင်ရာအချက်အလက်များစွာ (ဥပမာ-ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက် ဝိသေသလက္ခဏာ များ၊ အောက်ခြေကျောက်သား၊ ရွှံ့၊ သဲနှင့် ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့သိုလှောင်မှု/ ပြည့်ဝမှုနှုန်းထား (Hydrocarbon Saturation Rates) စသည်ဖြင့်) ရှိကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်တစ်ခုမှ ရေနံနှင့် သဘာဝဓာတ်ငွေ့မည်မျှတူးဖော်ရရှိနိုင်ဖွယ်ရှိသည်ကို တိုင်းတာရာတွင် Hydro carbon Saturation

Rates သည် အဓိကအရေးပါကြောင်း၊ ဓာတ်ငွေ့သိုက်ရှိနိုင်သည့်အထောက်အထားများ တွေ့ရှိခဲ့သော်လည်း Hydrocarbon Saturation Rates သည် အားကိုးလောက်ဖွယ်မရှိကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနရှိ အဆင့်မြင့်အရာထမ်းက ပြောကြားခဲ့သည်။

ပြည်ပမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး သုတေသနကုမ္ပဏီကြီးတစ်ခု၏ လေ့လာမှုအရ တောင်ကိုရီးယားနိုင်ငံ၏ အရှေ့ပင်လယ်တွင် ရေနံစည်ပေါင်း ၁၄ ဘီလီယံအထိရှိနိုင်သည့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့သိုက် ၇ ခုရှိနေနိုင်သည်ဟူသော အဆိုပြုချက်ထုတ်ပြန်ပြီးနောက်ပိုင်း ၂၀၂၄ ခုနှစ်၊ ဖွန်လမှ စတင်၍ အကြီးစားရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးစီမံကိန်းကို စတင်ခဲ့ခြင်းဖြစ်သည်။

သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်နိုင်ခြေမရှိသော်လည်း ရေနံစိမ်းသိုလှောင်ထားနိုင်မှုကို လေ့လာရာတွင် ထင်မှတ်ထားသည်ထက် အခြေအနေကောင်းများရှာဖွေတွေ့ရှိကြောင်း၊ ပထမဆုံးသောရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကိုတူးဖော်လိုက်သည့်ရလဒ်အဖြေသည် ကျန်ရှိသည့် ၆ ခုတွင် ဆက်လက်တူးဖော်သွားရေးအတွက် အရေးပါသောအချက်အလက်များကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနရှိ အဆင့်မြင့်အရာထမ်းက ပြောကြားခဲ့သည်။

တူးဖော်ရန်ကျန်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက် ၆ ခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် ပြင်ဆင်နေပြီး တင်ဒါခေါ်ယူမှုကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

Source: https://www.koreaherald.com/article/10414043, စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။

Source: https://myantrade.gov.mm/article/npt-1422025235

## ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုကဏ္ဍမှ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅ ဘီလီယံ စံချိန်တင်ရရှိ

၂၀၂၄ ခုနှစ်အတွင်း ဒူးရင်းတင်ပို့ရောင်းချမှုသည် ကမ္ဘာ့ဈေးကွက်အတွင်း ဝင်ရောက်မှုတိုးမြင့်လာခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅ ဘီလီယံ အထိရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ဒူးရင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှု စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းနီးပါးရှိကြောင်းဖော်ပြထားသည်။

Vina T&T Group ၏ CEO ဖြစ်သူ Dinh Tung က ၎င်းတို့ကုမ္ပဏီအနေဖြင့် လစဉ် ဒူးရင်း တန်ချိန် ၃၂၀ ခန့်နှင့် အုန်းသီးတန်ချိန် ၃၅၀ နီးပါးတင်ပို့ခဲ့ကြောင်း၊ ထို့ပြင် နဂါးမောက်သီး ကွန်တိန်နာ ၇ ခုမှ ၉ ခု၊ ကြက်မောက်သီး ကွန်တိန်နာ ၃ ခုမှ ၄ ခု (ကွန်တိန်နာတစ်ခုတွင် ၁၆ တန် နီးပါးရှိကြောင်း)ဖြင့် ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ် အစောပိုင်းပို့ကုန်အမှာစာများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များသည် တရုတ်နိုင်ငံ၏ ဒူးရင်းဝယ်လိုအားတိုးမြင့်လာခြင်း၊ အုန်းသီး၊ လေချူသီး (သို့) ကြက်မောက်သီး၊ ကျွဲကောသီး၊ သရက်သီးကဲ့သို့သော တန်ဖိုးမြင့်သစ်သီးများတင်ပို့မှုတိုးလာခြင်းကြောင့် ဝင်ငွေများတိုးတက်လာခဲ့သည်။

Vina T&T သည် ၂၀၂၄ ခုနှစ်တွင် ဝင်ငွေ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၈ သန်း) စံချိန်တင်ရရှိခဲ့ပြီး ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းတိုးလာခဲ့သည်။

အကောက်ခွန်ဦးစီးဌာန၏ အဆိုအရ ဗီယက်နမ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံတင်ပို့မှုသည် ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၈၁ ဘီလီယံအထိမြင့်တက်ခဲ့သော်လည်း ၂၀၂၀ ခုနှစ်တွင် ၃ ဒသမ ၂၆ ဘီလီယံနှင့် ၂၀၂၂ ခုနှစ်တွင် ၃ ဒသမ ၃၆ ဘီလီယံအထိ ကျဆင်းသွားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါကဏ္ဍသည် ၂၀၂၃ ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာပြီး အမေရိကန် ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅ ဘီလီယံအထိ မြင့်တက်လာပြီး ၂၀၁၈ ခုနှစ်ကိန်းဂဏန်းထက် နှစ်ဆ နီးပါးရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/npt-11220251215

## ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ သီဟိုဠ်စေ့ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ နီးပါးဝယ်ယူ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၈၂၀,၀၀၀ နီးပါးအား ကမ္ဘာ့ဒုတိယမြောက် သီဟိုဠ်စေ့ကုန်ကြမ်းထုတ်လုပ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ တင်သွင်းခဲ့ကြောင်း၊ ၎င်း၏ သီဟိုဠ်စေ့ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပို့ကုန်ကဏ္ဍတွင် ထိပ်တန်းနေရာ ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ကုန်ကြမ်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ဝယ်ယူခဲ့ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယား သီဟိုဠ်စေ့အသင်း (CAC) ၏ အဆိုအရ နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၃၁ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း၊ ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းသည် ဗီယက်နမ်နိုင်ငံသို့ တင်ပို့ ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ သီဟိုဠ်စေ့ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၈၅၀,၀၀၀ အထိ မြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၂၆ ရာခိုင်နှုန်း မြင့်တက်လာကာ ကမ္ဘာ့ဒုတိယ အကြီးဆုံး သီဟိုဠ်စေ့ကုန်ကြမ်း ထုတ်လုပ်သူအဖြစ် ရပ်တည်ခဲ့ကြောင်း ဖော်ပြထားသည်။

ယခုအခါ သီဟိုဠ်စေ့သည် ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ စားအုန်းဆီ၊ ငှက်ပျောသီး၊ သရက်သီး၊ ကြက်မောက်သီးနှင့် ငရုတ်ကောင်းတို့ကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံ၏ တန်ဖိုးမြင့်လယ်ယာတင်ပို့မှုကုန်စည်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ လယ်ယာထွက်ကုန်များသည် ဗီယက်နမ်နိုင်ငံသို့ မြောက်မြားစွာတင်ပို့ရုံမျှသာမက နိုင်ငံတကာဈေးကွက်တွင် ဗီယက်နမ်ကုန်စည်များနှင့် ယှဉ်ပြိုင်တင်ပို့ရသည့် ကုန်စည်များဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်စီးပွားရေး လုပ်ငန်းများသည် ကမ္ဘောဒီးယားမှ သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၈၂၀,၀၀၀ နီးပါးကိုဝယ်ယူရန် အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၇ ဘီလီယံ သုံးစွဲခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကမ္ဘောဒီးယားမှ သွင်းကုန်ပမာဏမှာ ၃၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၇ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကြောင်း ဖော်ပြ ထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံအတွက် လိုအပ်သော သီဟိုဠ်စေ့ကုန်ကြမ်း ၃၃ ဒသမ ၂ ရာခိုင်နှုန်းကို ပံ့ပိုးပေးပြီး ဗီယက်နမ်နိုင်ငံ၏ ထုတ်လုပ်မှုနှင့်ပို့ကုန်တည်ငြိမ်မှုကို ထိန်းသိမ်းရန် ကူညီပေးခဲ့ ကြောင်းနှင့် ၁၈ နှစ်ဆက်တိုက် ကမ္ဘာ့ထိပ်တန်းရောင်းချသူအဖြစ် ဗီယက်နမ်နိုင်ငံ၏ အဆင့်အတန်းကို အားဖြည့်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်သည် သီဟိုဠ်စေ့တန်ချိန် ၂၇၃,၈၀၀ ခန့် တင်ပို့ခဲ့ပြီး စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရသည်။

၎င်းသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပမာဏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးအားဖြင့် ၁၉ ဒသမ၂ ရာခိုင်နှုန်းတိုးလာကြောင်းနှင့် ကမ္ဘာ့သီဟိုဠ်စေ့ဈေးကွက်ကို ဗီယက်နမ်နိုင်ငံဝင်ရောက်လာပြီးနောက် အမြင့်ဆုံး ကိန်းဂဏန်းများဖြစ်ကြောင်း ဖော်ပြထားသည်။ Source: Vietnam Net , (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/npt-1422025350

## အိန္ဒိယနိုင်ငံတွင်၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရော်ဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများမြင့်တက်

အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရော်ဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး)၏ ဈေးနှုန်းများသည် ယခင်နှစ် ကာလတူကထက် မြင့်တက်လာကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ ကြောင်း The Hindu Businessline သတင်းဌာနမှ ယခုလ ၁၂ ရက်နေ့က ဖော်ပြသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း Kerala ပြည်နယ်၊ Kottayam ခရိုင်တွင် RSS 4 ရော်ဘာမှိုင်းခံပြား၏ ပျမ်းမျှဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀၂ ဒသမ ၀၄ ဖြစ်ပြီး၊ ယခင်နှစ် ကာလတူက ရူပီး ၁၅၁ ဒသမ ၈၈ သာရှိ၍ ၃၃ ဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး)၏ ဈေးနှုန်းများလည်း အလားတူမြင့်တက်ခဲ့ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Jitin Prasada မှ လွှတ်တော်အစည်းအဝေးတစ်ခု တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း Kerala ပြည်နယ်၊ Kochi မြို့တွင် လက်ဖက်ခြောက်၏ ပျမ်းမျှ လေလံဈေးနှုန်းမှာ ၁၈ ဒသမ ၁၇ ရာခိုင်နှုန်းမြင့်တက်ပြီး၊ ဖာလာစေ့ (အသေး) ၏ ပျမ်းမျှ လေလံဈေးနှုန်းမှာ ၄၉ ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အလားတူ အခြောက်ခံထားခြင်း မရှိသေးသည့် အာရေဗီကားကော်ဖီသီး၏ ပျမ်းမျှ (စိုက်ခင်းအရောက်)ဈေးနှုန်းမှာ ၃၂ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ရိုဘတ်စတာကော်ဖီသီး၏ ပျမ်းမျှ (စိုက်ခင်း အရောက်) ဈေးနှုန်းမှာ ၅၅ ဒသမ ၉၉ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း ၎င်းမှ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် နနွင်းကို အများဆုံးထုတ်လုပ်တင်ပို့လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် နနွင်းတန်ချိန် ၁ ဒသမ ၆၂ သိန်း၊ တန်ဖိုး ကန်ဒေါ်လာ ၂၂၆ ဒသမ ၅၈ သန်း တင်ပို့ရောင်းချခဲ့ကာ ကမ္ဘာ့နနွင်းတင်ပို့မှု၏ ၆၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ဒုတိယဝန်ကြီးမှ ပြောကြားခဲ့သည်။ အိန္ဒိယမှ တင်ပို့လိုက်သည့် နနွင်းအားလုံး၏ ၉၉ ဒသမ ၉၅ ရာခိုင်နှုန်းကိုလက်ခံခွင့်ပြုပြီး၊ ၀ ဒသမ ၀၅ ရာခိုင်နှုန်းခန့်သာ ငြင်းပယ်ခံရတာမျိုးရှိကြောင်း ၎င်းမှဆက်လက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က နနွင်းကို ဟက်တာ ၂ ဒသမ ၉၃ သိန်း စိုက်ပျိုးခဲ့ပြီး၊ တန်ချိန် ၁၀ ဒသမ ၉၃ သိန်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း Tamil Nadu ပြည်နယ် Erode ခရိုင်နှင့် Telangana ပြည်နယ် Nizamabad ခရိုင်တို့ရှိ အဓိကဈေးကွက်များတွင် နနွင်းဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၁၃၆ ဒသမ ၁၉ နှင့် ရူပီး ၁၂၁ ဒသမ ၃၄ အသီးသီး ရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူက နနွင်းဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၈၃ ဒသမ ၆၀ နှင့် ရူပီး ၈၈ ဒသမ ၄၄ အသီးသီးရှိ၍ Erode ဈေးကွက်တွင် ၆၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် Nizamabad ဈေးကွက်တွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှတ်တော်အစည်းအဝေးတွင် သဘာဝရော်ဘာတင်သွင်းမှုအပေါ် စုပုံရှင်းရောင်းချမှု ကာကွယ်သည့်အခွန် (Anti-dumping duty) လတ်တလောကောက်ခံခြင်းမရှိသည့် အခြေအနေ၊ ကြက်သွန်နီ တောင်သူများအတွက် အစိုးရမှ ကူညီထောက်ပံ့မည့် အစီအစဉ်နှင့် ပင်လယ်ရေညှိ (Seaweed) ထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်းသည့် မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

Source: The Hindu Businessline, Govt: Rubber, tea, coffee, cardamom prices up in Apr-Dec 2024-25, February 12, 2025., စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့။

Source: https://myantrade.gov.mm/article/npt-1822025355

## ဂျာမနီမှ Porsche ကားထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၂၉ ခုနှစ်တွင် အလုပ်အကိုင်များ လျှော့ချရန် စီစဉ်နေ

ဂျာမနီမှ ပြိုင်ကားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော Porsche သည် ၂၀၂၉ ခုနှစ်တွင် ဂျာမနီရှိ ၎င်း၏ စက်ရုံနှစ်ခုတွင် အလုပ်သမား ၁,၉၀၀ ခန့်ကို လျှော့ချရန်စီစဉ်နေကြောင်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

Stuttgart မြို့တွင် အခြေစိုက်သော ယင်းကုမ္ပဏီသည် ဝန်ထမ်းအင်အား စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းခန့်ကိုလျှော့ချခဲ့ရာ လက်ရှိ ရှိရင်းစွဲ ယာယီဝန်ထမ်းများမှာ အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေခဲ့ရသည်။ ယင်းသို့လျှော့ချမှုသည် Stuttgart-Zuffenhausen ရှိ ၎င်း၏ ပင်မစက်ရုံနှင့် Weissach ရှိ စက်ရုံတစ်ခုကို သက်ရောက်မှုရှိလိမ့်မည်ဟု ကုမ္ပဏီက ပြောကြားခဲ့သည်။

၎င်းတို့ကုမ္ပဏီ၏ အလုပ်အကိုင် ဖြတ်တောက်မှုနှင့် အလုပ်သမားလျှော့ချမှုသည် ၂၀၂၉ ခုနှစ် တွင် ပြီးဆုံးလိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ Human Resources Manager ဖြစ်သူ Mr. Andreas Haffner နှင့် Works Council ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Harald Buck တို့က Stuttgarter Nachrichten သတင်းစာ သို့ ပြောကြားခဲ့သည်။

၁၉၇၀ ခုနှစ်နှင့် ယင်း၏အစောပိုင်းကာလတွင် မွေးဖွားခဲ့ကြသော ဝန်ထမ်းများအတွက် အချိန်ပိုင်း အလုပ်သမားများ အငြိမ်းစားယူခြင်းဆိုင်ရာ အစီအစဉ်တစ်ခုသည် အငြိမ်းစားယူလိုက်သော ဝန်ထမ်းများ၏နေရာတွင် ဝန်ထမ်းအသစ်များ အလုပ်အကိုင်ရရှိလာစေရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဖော်ပြထားသည်။

ဝန်ထမ်းများအနေဖြင့် ၂၀၃၀ ပြည့်နှစ်အထိ အလုပ်အကိုင်အတွက်အာမခံချက်ရှိနေမည်ဖြစ်ကြောင်း၊ လုပ်ငန်းလည်ပတ်မှုများဆောင်ရွက်နေရသည့်အတွက် ယင်းမှရရန်ရှိလာသောအပိုငွေများကိုပယ်ချထားပြီးနောက် ကုမ္ပဏီအနေဖြင့် အလုပ်သမားများ၏ စေတနာအလျှောက်ကူညီဖေးမမှုများအပေါ် မှီခိုနေရလိမ့်မည်ဖြစ်ကြောင်း ကားထုတ်လုပ်သူမှ ပြောကြားခဲ့သည်။

ယာယီအလုပ်သမားငှားရမ်းခြင်းစာချုပ် ၂၀၀၀ ခန့်ကို သက်တမ်းတိုးပေးမည်မဟုတ်ကြောင်း ပြီးခဲ့သောနှစ်ကပင် Porsche မှ ကြေညာခဲ့ပြီးဖြစ်ရာ ယခုအချိန်တွင် လုပ်ငန်းခွင်၌ ဝန်ထမ်းများကိုလျှော့ချရန်စီစဉ်ထားပြီဖြစ်ကြောင်း ထပ်မံပြောဆိုလာခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီအနေဖြင့်ခက်ခဲလာသော စီးပွားရေးအခြေအနေများကြောင့်သာ ယင်းသို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းတို့အနေဖြင့် လတ်တလောတွင် အနေအထားကောင်းမွန်ဆဲဖြစ်ကြောင်း၊ လျှပ်စစ်ကားအသုံးပြုမှုကို မြှင့်တင်ရာတွင် နှောင့်နှေးနေခြင်းနှင့် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကဲ့သို့သော အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော် လွှားနေရခြင်းသာဖြစ်ကြောင်း Mr. Andreas Haffner က ပြောကြားခဲ့သည်။

ဂျာမန်စီးပွားရေးသည် အစဉ်အလာအားဖြင့် ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုကိုအလေးထားသည်ဖြစ်ရာ ယခုအချိန်တွင် ဂျာမန်ထုတ်ကုန်များသည် ပြည်တွင်းသာမက ပြည်ပတွင်ပါ ဝယ်လိုအား ကျဆင်းလာခြင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၌ သုံးသန်းနီးပါး အထိရောက် ရှိခဲ့ရာ ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် အမြင့်ဆုံးကိန်းဂဏန်းဖြစ်ကြောင်း ဖော်ပြထားသည်။

Source:https://www.dw.com/en/germany-porsche-set-to-slash-jobs-by-2029/a-69581927,စီးပွားရေးသံမှူးဘာလင်

Source: https://myantrade.gov.mm/article/npt-20220251110

## ဗီယက်နမ်နိုင်ငံ၏ အုန်းသီးတင်ပို့မှုသည် ၁၄ နှစ်အတွင်း အမြင့်ဆုံးရောက်ရှိ

ဗီယက်နမ်နိုင်ငံ၏ အုန်းသီး လတ်လတ်ဆတ်ဆတ်တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ သန်း ၃၉၀ ရှိပြီး ယခင်နှစ်ကိန်းဂဏန်းနှင့် နှိုင်းယှဉ်ပါက ၆၁ ရာခိုင်နှုန်းတိုးလာကြောင်း အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လတ်ဆတ်သောအုန်းသီးနှင့် အုန်းသီးထွက်ကုန်များတင်ပို့မှုသည် စုစုပေါင်း ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံနီးပါးရှိပြီး ဗီယက်နမ်နိုင်ငံသို့ ပို့ကုန်ဝင်ငွေ ဒေါ်လာဘီလီယံနှင့်ချီကာ ၁၄ နှစ် အတွင်း ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လက်ရှိတွင် ဗီယက်နမ်နိုင်ငံတွင် အုန်းစိုက်ဧရိယာ ဟက်တာ ၂၀၀,၀၀၀ ရှိပြီး နှစ်စဉ် အုန်းတန်ချိန် နှစ်သန်းခန့် ထွက်ရှိကြောင်း သိရသည်။

အဆိုပါအုန်းစိုက်ဧရိယာ၏ သုံးပုံတစ်ပုံသည် အလယ်ပိုင်းဒေသနှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင်အများစုရှိပြီး စိုက်ခင်းများသည် အမေရိကန်နှင့် ဥရောပတို့မှ အော်ဂဲနစ်စံနှုန်းများနှင့် ကိုက်ညီကြောင်း သိရသည်။ Bến Tre Siamese အုန်းသီးသည် ထူးခြားသော အရည်အသွေးများအတွက် အသိအမှတ်ပြုခံရပြီး ၎င်းကို စိုက်ပျိုးရန် စိုက်ခင်းကုဒ် ၁၃၃ ခုနှင့် တင်ပို့ထုတ်လုပ်ရန်အတွက် ဟက်တာပေါင်း ၈,၃၀၀ ကျော်ရှိကြောင်း သိရသည်။

ဗီယက်နမ်တွင် အုန်းသီးထုတ်လုပ်ခြင်းနှင့် ပြုပြင်ခြင်းတွင် စီးပွားရေးလုပ်ငန်းပေါင်း ၆၀၀ ကျော်ဖြင့် ဗီယက်နမ် အုန်းသီးလုပ်ငန်းသည် နိုင်ငံတကာဈေးကွက်တွင် အပြိုင်အဆိုင်အားသာချက်များရှိနေပြီး ဗီယက်နမ်သည် အာရှ-ပစိဖိတ်ဒေသ အုန်းသီးတင်ပို့မှုတွင် စတုတ္ထအဆင့်နှင့် ကမ္ဘာတစ်ဝှမ်းတွင် ပဥ္စမအဆင့်ရှိကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အုန်းသီးတင်ပို့မှု စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းဖြင့် အကြီးဆုံးတင်ပို့သည့်ဈေးကွက် ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် နှစ်နိုင်ငံအကြား တရားဝင် အုန်းသီးတင်ပို့ခွင့်ပြုသည့် ပရိုတိုကောကို လက်မှတ်ရေးထိုး ခြင်းသည် အုန်းစိုက်တောင်သူများနှင့် ထုတ်လုပ်သူများအတွက် သိသာထင်ရှားသော အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် လက်ရှိတွင် တရုတ်နိုင်ငံသို့ တတိယအကြီးဆုံး အုန်းသီးရောင်းချသူဖြစ်ပြီး ဈေးကွက်ဝေစု၏ ၂၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ တရုတ်နိုင်ငံအပြင် ၎င်း၏ယှဉ်ပြိုင်မှု ဈေးနှုန်းနှင့် သဘာဝအတိုင်း ချိုမြသောအရသာကြောင့် ဗီယက်နမ်အုန်းသီးများသည် EU၊ US၊ ကနေဒါနှင့်တောင်ကိုရီးယားအပါအဝင် ဈေးကွက်များတွင်လည်း ရေပန်းစားလူကြိုက် များကြောင်း သိရသည်။

ပို့ကုန်ဝင်ငွေ ဒေါ်လာဘီလီယံပေါင်းများစွာ ရရှိနေသော်လည်း လက်ရှိပို့ကုန်ရငွေသည် ဗီယက်နမ် အုန်းသီးလုပ်ငန်း၏ အလားအလာနှင့် အားသာချက်များကို အပြည့်အဝပြသနိုင်ခြင်း မရှိသေးကြောင်း ကိုယ်စားလှယ်များ၏ ပြောကြားချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းအထွေထွေအတွင်းရေးမှူး Cao Bá Đăng Khoa မှ လတ်ဆတ်သောအုန်း တင်ပို့မှု အများအပြားသည် ၂၀၂၄ ခုနှစ် တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်အတွင်း စိုက်ခင်းကုဒ်များ၊ ထုပ်ပိုးမှုဆိုင်ရာကုဒ်များနှင့် ကုန်ကြမ်း အရင်းအမြစ်များ မတည်မငြိမ်ပြတ်တောက်မှုကြောင့် နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်နိုင်ငံအတွက်စိုက်ခင်းကုဒ်များကို ပိုမိုလွယ်ကူစွာထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ဗီယက်နမ်အာဏာ ပိုင်များအား တရုတ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အုန်းသီးအသင်းမှ တောင်းဆိုထားကြောင်း ဖော်ပြထားသည်။

Source: https://wtocenter.vn/, (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟန္တိုင်းမြို့)

Source: https://myantrade.gov.mm/article/npt-2122025335

## MSME လုပ်ငန်းများတင်ပို့မှုကြီးထွားရန်အတွက် AI ကိုအသုံးချရန် အင်ဒိုနီးရှားဝန်ကြီး တိုက်တွန်း

အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဖြစ်သူ Budi Santoso က MSME လုပ်ငန်းများအား ၎င်းတို့၏ စီးပွားရေးစွမ်းရည်နှင့် တင်ပို့ရာဈေးကွက်ဝင်ရောက်မှု မြှင့်တင်ရန်အတွက် AI ပါဝင်သော နည်းပညာများကို အသုံးချရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ ဝန်ကြီးက AI သည် MSME လုပ်ငန်းများအား ၎င်းတို့၏တင်ပို့ရာ ဈေးကွက်များ၏ အရေးပါသောအချက်အလက် များစုစည်းရန်၊ ပို့ကုန်ဦးတည်ရာနိုင်ငံများ၊ ပြည်ပကုန်သွယ်မှု စည်းမျဉ်းများနှင့် စားသုံးသူများ ကိုဆွဲဆောင်နိုင်သည့် ထုတ်ကုန် ဒီဇိုင်းများနှင့်ပတ်သက်၍ ကူညီပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီးရုံးတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ကကျင်းပခဲ့သည့် Gemini Academy ဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီးက MSME လုပ်ငန်းရှင်များက စီးပွားရေးနှင့် စီမံခန့်ခွဲမှု၏ များစွာသောရှုထောင့်များ ကို ရှာဖွေရာတွင် AI ၏ပံ့ပိုးပေးနိုင်မှုအလားအလာကို အသားပေးပြောကြားခဲ့ကြောင်း သိရသည်။ ဝန်ကြီးက အောင်မြင်မှုရရှိရန်အတွက် MSME လုပ်ငန်းများသည် အားကောင်းသောယှဉ်ပြိုင်နိုင်စွမ်း၊ ထိရောက်သော စီမံခန့်ခွဲမှုနှင့် ထုတ်ကုန်တည်ငြိမ်ရေးတို့ကို ပိုင်ဆိုင်ထား

ရမည်ဖြစ်ကြောင်းနှင့် AI သည် ပိုမိုမြန်ဆန်လွယ်ကူသော သတင်းအချက်အလက်လမ်းကြောင်းကို ပံ့ပိုးပေးနိုင်မည်ဟု ပြောကြားခဲ့သည်။

ထို့ပြင် ထိုသို့အောင်မြင်မှုအခွင့်အလမ်းမြင့်တက်လာမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင် အရေအတွက်ကိုမြင့်တက်လာနိုင်ပြီး ထိုမှတစ်ဆင့် လတ်တလောတွင် ၃ ဒသမ ၄၇ ရာခိုင်နှုန်း၌ ရပ်တည်နေသည့် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်အချိုးကို မြှင့်တင်ပေးနိုင်မည်ဟု သိရသည်။ ထိုကိန်းဂဏန်းပမာဏ သည် အချိုး ၄ ရာခိုင်နှုန်းကျော်သည့် ထိုင်းနှင့် မလေးရှားတို့နှင့်နှိုင်းယှဉ်ပါက အတန်အသင့်နည်းပါးကြောင်း သိရသည်။ Santoso ၏အဆိုအရ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်အချိုးမြင့်တက်လာမှုသည် နိုင်ငံ၏ ၂၀၄၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီးတိုင်းပြည်ဖြစ်လာရန် ရည်မှန်းချက်ကို ကူညီပေးနိုင်မည်ဟု သိရသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ဈေးကွက်တိုးချဲ့ခြင်း၊ ပြည်တွင်းဈေးကွက်ခိုင်မာရေးနှင့် ပြည်ပသို့ထုတ်ကုန်များတင်ပို့နိုင်သည့် MSME လုပ်ငန်းအရေအတွက် မြင့်တက်ရေးစသည့် ဦးစားပေးပရိုဂရမ် ၃ ခုကိုအာရုံစိုက်ထားကြောင်း သိရသည်။ ထို့ပြင် ဝန်ကြီးဌာနသည် MSME လုပ်ငန်းများအတွက် အလားအလာရှိသောဝယ်ယူသူများနှင့် စီးပွားရေးချိတ်ဆက်ပေးရာတွင် လွယ်ကူချောမွေ့စေရေးပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

DOCA(ရန်ကုန်)

Source: https://www.doca.gov.mm/my/node/32529

## Binh Dinh ပြည်နယ်ကို စက်ဝန်းပုံအဝတ်အထည်ထုတ်လုပ်ရာ အချက်အချာအဖြစ် ပြောင်းလဲရန် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် H&M

နာမည်ကျော်အဝတ်အထည်ထုတ်လုပ်သည့် H&M ၏ လုပ်ငန်းခွဲဖြစ်သည့် Syre သည် ဗီယက်နမ်၏ Binh Dinh ပြည်နယ်အား စက်ဝန်းပုံအဝတ်အထည်ထုပ်လုပ်ရာ ကမ္ဘာ့အချက်အချာအဖြစ်ပြောင်းလဲရန်ရည်ရွယ်၍ ပြည်နယ်တွင်နည်းပညာမြင့်အထည်ထုတ်လုပ်သည့် စက်ရုံတည်ထောင်ရန် အမေရိကန်ဒေါ်လာ တစ် ဘီလီယံထိ ရင်းနှီးမြှုပ်နှံရန် အစီအစဉ်ရှိကြောင်း သိရသည်။

စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့်ဆွေးနွေးမှုများအတွင်း Syre Group သည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု တန်ဖိုးအမေရိကန်ဒေါ်လာ သန်း ၇၀၀ မှ ၁ ဘီလီယံထိ မြင့်တက်နိုင်ပြီး တစ်နှစ်လျှင် ခန့်မှန်းတန်ချိန် ၂၅၀,၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသည့် နည်းပညာမြင့်အထည်ထုတ်လုပ်သည့်စက်ရုံကို Nhon Hoi စီးပွားရေးဇုန်ရှိ Nhon Hoi A စက်မှုဇုန်တွင် တည်ဆောက်မည့် ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ Syre ၏ Senior Operations Director ဖြစ်သူ Tim King က ၎င်းတို့ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများ၊ ဗီယက်နမ်၏ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး စည်းမျဉ်းများနှင့် လိုက်လျောညီထွေရှိသော ပိုလီအက်စတာအထည် ပြန်လည်ပြုပြင်သုံးစွဲမည့်စီမံကိန်းနှင့် ပတ်သက်၍ အာမခံကြောင်းပြောကြားခဲ့သည်။

အဆင့်မြင့်ကုန်ထုတ်လုပ်မှုအစီအစဉ်များအပြင် Syre သည် Recycle ပစ္စည်းများတင်သွင်းရေးလုပ်ငန်းစဉ်များနှင့် သဘာဝပတ်ဝန်းကျင်သက်ရောက်မှုသုံးသပ်ချက်များနှင့် ပတ်သက်၍ မူဝါဒပံ့ပိုးပေးရန်တောင်းဆိုခဲ့ကြောင်း သိရသည်။ ကုမ္ပဏီသည် စီမံကိန်းအကောင်အထည်ဖော်မှုလျင်မြန်ရေးအတွက် သက်ဆိုင်ရာစည်းမျဉ်းအဖွဲ့အစည်းများ၏ပံ့ပိုးမှုကို ရှာဖွေနေကြောင်းသိရသည်။ Syre ၏ တာဝန်ရှိသူတစ်ဦးက ၎င်းတို့သည် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနအား တည်ငြိမ်သော Recycle ကုန်ကြမ်းပစ္စည်းရရှိမှုသေချာစေရန်အတွက် ပြည်တွင်းအသုံးပြုပြီးအဝတ်အထည် စုဆောင်းခြင်း၊ ရှာဖွေခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများနှင့် အထူးထိန်းကျောင်းပေးမှုများ ပြုလုပ်ပေးရန်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ Binh Dinh ပြည်နယ်ပြည်သူ့ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ Pham Anh Tuan က Syre ၏ စီမံကိန်းမဟာဗျူဟာမြောက်သိသာထင်ရှားမှုကို အသားပေးပြောကြားခဲ့ပြီး ၎င်းစီမံကိန်းသည် ဗီယက်နမ်အား စက်ဝန်းပုံအဝတ်အထည်ထုတ်လုပ်မှုအတွက် ကမ္ဘာလုံးဆိုင်ရာအချက်အချာအဖြစ် အသွင်ကူးပြောင်းရန်၊ များစွာသောအလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးရန်နှင့် အစိမ်းရောင်စီးပွားရေးတွင် ပူးပေါင်းပါဝင်နိုင်ရန် အလားအလာရှိကြောင်း ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဖြစ်သူ Truong Thanh Hoai က စီမံကိန်းသည်ထူးခြားပြီး ရှေ့ပြေးစီမံကိန်းတစ်ခုဖြစ်ကြောင်းနှင့် အသုံးပြုပြီးကုန်ကြမ်း ပစ္စည်းများပေါ် တင်းကျပ်သည့်ထိန်းချုပ်မှုစီမံချက်များ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

DOCA(ရန်ကုန်)

Source: https://www.doca.gov.mm/my/node/32527https://www.doca.gov.mm/my/node/32527

## ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ပလပ်ပေါက်ထိုး နှစ်မျိုးသုံး လျှပ်စစ်မော်တော်ကား (plug-in hybrid electric vehicles-PHEV) အတွက် အခွန်ကောက်ခံမှုပုံစံကို ချိန်ညှိသွားနိုင်ရေး ပြင်ဆင်အဆို ပြုသွားရန်ရှိ

ထိုင်းနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက ပလပ်ပေါက်ထိုး နှစ်မျိုးသုံးလျှပ်စစ်မော်တော်ကားထုတ်လုပ်သူများကို အထောက်အကူပြုနိုင်ရန်အတွက် အခွန်သတ်မှတ်ချက်များကို ချိန်ညှိပြင်ဆင်သွားနိုင်ရေး အဆိုပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယစ်မျိုးအခွန်ဦးစီးဌာနက အားသွင်းကြိမ်တစ်ခု၏ လျှပ်စစ်အပိုင်းအခြား (Electric Range-ER) အပါအဝင် အဓိက ထည့်သွင်းစဉ်းစားချက်များနှင့်အတူ အခွန်ဆိုင်ရာသတ်မှတ်ချက်များကို ပြင်ဆင်လျက်ရှိကြောင်း၊ လက်ရှိလိုအပ်ချက်သည် အားသွင်းကြိမ်တစ်ကြိမ်တွင် ၈၀ ကီလိုမီတာ သို့မဟုတ် အထက်ဖြစ်ကြောင်း၊ အခြားသော အဓိကအခြေအနေမှာ လက်ရှိတွင် ၄၅ လီတာ သတ်မှတ်ထားသော လောင်စာတိုင်ကီစွမ်းဆောင်ရည်ဖြစ်ကြောင်း၊ ယင်းအခြေအနေရှိသော မော်တော်ယာဉ်များအတွက် အခွန်နှုန်းထားကို ၅ ရာခိုင်နှုန်း သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ER သည် ၈၀ ကီလိုမီတာ အောက်လျော့နည်းပြီး လောင်စာတိုင်ကီစွမ်းဆောင်ရည်သည် ၄၅ လီတာထက်ပိုပါက အခွန်နှုန်းထားသည် ၁၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ပြန်လည်ပြင်ဆင်သတ်မှတ်ချက်များသည် ပလပ်ပေါက်ထိုး နှစ်မျိုးသုံးလျှပ်စစ်မော်တော်ကား ထုတ်လုပ်သူများအတွက် အခွန်အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် PHEV အမျိုးအစားအချို့သည် ကိုယ်ထည်ကြီးသဖြင့် လောင်စာတိုင်ကီစွမ်းဆောင်ရည်သည် ၄၅ လီတာထက်များသော်လည်း အခွန်နှုန်းထားမှာ ၁၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အဆိုပြုထားသော ချိန်ညှိချက်များသည် အစိုးရ၏ လျှပ်စစ်မော်တော်ကားမြှင့်တင်မည့် မူဝါဒနှင့်ကိုက်ညီပြီး PHEV များသည် ရုပ်ကြွင်းလောင်စာများနှင့် လျှပ်စစ်စွမ်းအားဖြင့်ပါ လည်ပတ်နိုင်မည်ဖြစ်သဖြင့် အတွင်းပိုင်းလောင်ကျွမ်းအင်ဂျင်မော်တော်ကားများမှ လျှပ်စစ်မော်တော်ကားများသို့ အသွင်းကူးပြောင်းခြင်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ဘတ္တရီလျှပ်စစ်မော်တော်ကား ဂေဟစနစ်သည် အပြည့်အဝမဖွံ့ဖြိုးသေးသဖြင့် နိုင်ငံအဝှမ်း အားသွင်းရုံ အရေအတွက်သည်လည်း မလုံလောက်သေးကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်မော်တော်ကားဘုတ်အဖွဲ့က နှစ်မျိုးသုံးလျှပ်စစ်မော်တော်ကား (Hybrid Electric Vehicle-HEV) အတွက် လက်ရှိအခွန်နှုန်းထားမှ လျှော့ချသည့် အခွန်နှုန်းထား ပြန်လည်ပြင်ဆင်မှုကို ခွင့်ပြုခဲ့ကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ၁ ကီလိုမီတာလျှင် ၁၂၀ ဂရမ် ထက်မပိုသော မော်တာ်ကားများအတွက် အခွန်ပုံစံအသစ်ကို ၂၀၂၆-၂၀၃၂ အထိ ၇ နှစ်ကြာ အခွန်နှုန်းထားပုံသေ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ၁၀၀ ကီလိုဂရမ်ထက်ပိုမို ထုတ်လွှတ်သည့် မော်တော်ကားများအတွက် ၆ ရာခိုင်နှုန်းနှင့် ၁၀၁ ဂရမ်မှ ၁၂၀ ဂရမ်ကြား မော်တော်ကားများအတွက် ၉ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် အကျုံးဝင်နိုင်ရေးအတွက် မော်တော်ကားထုတ်လုပ်သူများသည် ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ် အကြားတွင် ထိုင်းနိုင်ငံ၌ ဘတ် ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါ ပြင်ဆင်ချက်သည် HEV အတွက် ၂ နှစ်လျှင်ပါ ကြိမ် အခွန်တိုးမြှင့်သွားမည့်ပုံစံမှ လျှော့ချထားသည့်ပုံစံဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ၁ ကီလိုမီတာလျှင် ၁၀၀ ဂရမ်ရှိသော HEV အတွက် အခွန်သည် ၂၀၂၆ ခုနှစ်တွင် ၆ ရာခိုင်နှုန်း၊ ၂၀၂၈ ခုနှစ်တွင် ၈ ရာခိုင်နှုန်းနှင့် ၂၀၃၀ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်း စသည်ဖြင့်ဖြစ်ကြောင်း သိရသည်။

Source: www.bangkokpost.com စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-5220251055

## သမ္မတထရမ့်၏ အကောက်ခွန်နှုန်းကြောင့် အမေရိကန် စိုက်ပျိုးရေးပို့ကုန်များအပေါ် စိန်ခေါ်မှုများဖြစ်

တရုတ်နှင့်မက္ကဆီကို သွင်းကုန်များအပေါ် အမေရိကန်က အခွန်နှုန်းတိုးမြှင့်လိုက်ခြင်းကြောင့် အဆိုပါ နိုင်ငံများသို့ အမေရိကန် ပြောင်းနှင့် ပဲပုပ် တင်ပို့မှုတွင် အခက်အခဲရှိနိုင်ကြောင်း၊ အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) ၏ အချက်အလက်များအရ ၂၀၁၉ ခုနှစ်မှ၍ စုစုပေါင်း ပြောင်းတင်ပို့မှု၏ ၄၈ ရာခိုင်နှုန်းနှင့် စုစုပေါင်း ပဲပုပ်တင်ပို့မှု၏ ၆၁ ရာခိုင်နှုန်းကို အဆိုပါနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့်က မက္ကဆီကိုမှ သွင်းကုန်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်းနှင့် တရုတ်သွင်းကုန်များအပေါ် ထပ်တိုးအခွန် ၁၀ ရာခိုင်နှုန်းချမှတ်ရန်စီစဉ်ခြင်းသည် တန်ပြန်အကောက်ခွန်နှုန်းများကြောင့် အမေရိကန်စိုက်ပျိုးရေးဈေးကွက်အတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်ပေါ်စေနိုင်သလို ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများဖြစ်လာနိုင်ကြောင်း၊ ထရမ့်၏ ပထမ သမ္မတသက်တမ်းတွင် တရုတ်နိုင်ငံအပေါ် အကောက်ခွန်တိုးမြှင့်ခဲ့ခြင်းက အမေရိကန်လယ်ယာပို့ကုန်အပေါ်တွင်လည်း အခွန်ပြန်လည်မြှင့်တင်မှုကြောင့် ကုန်သွယ်မှုသိသိသာသာလျော့ကျခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ အမေရိကန်၏ ပြောင်းနှင့်ပဲပုပ်တင်ပို့မှုသည် ယခင်နှစ်ထက် ၇၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း USDA အချက်အလက်များအရ သိရသည်။

အမေရိကန်၏ ၂၀၂၄ ခုနှစ် ထွက်ကုန်ပြောင်းနှင့် ပဲပုပ်များအား ထရမ့်သက်တမ်းမတိုင်မီ ပုံမှန်ထက် ပိုမိုတင်ပို့ခဲ့ကြသဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့အထိ အမေရိကန်၏ ပြောင်းတင်ပို့မှုသည် ယခင်နှစ်ကထက် ၂၉

ရာခိုင်နှုန်းတိုးတက်ခဲ့ကာ တန်ချိန် ၂၀ ဒသမ ၃ သန်းရှိခဲ့ကြောင်း၊ ပဲပုပ်တင်ပို့မှုတွင်လည်း ယခင်နှစ်ထက် ၂၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ တန်ချိန် ၃၃ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ဇန်နဝါရီလ ၂၃ ရက်နေ့အထိ တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သော အမေရိကန်ပဲပုပ် တန်ချိန် ၂ ဒသမ ၄ သန်း၊ မက္ကဆီကိုထံသို့ အမေရိကန် ပဲပုပ် ၁ ဒသမ ၃ သန်းနှင့် အမေရိကန်ပြောင်းဖူး ၇ ဒသမ ၉ သန်း သင်္ဘောတင်ရန်ကျန်သေးကြောင်း၊ အဆိုပါ ဝယ်ယူမှုများကို အခွန်စည်းကြပ်မှုများကြောင့် ပယ်ဖျက်ခြင်းသို့မဟုတ် ပမာဏလျှော့ချခြင်းများရှိနိုင်ကြောင်း၊ အမေရိကန်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်း တန်ချိန် ၆၂ ဒသမ ၂ သန်းနှင့် ပဲပုပ် တန်ချိန် ၄၉ ဒသမ ၇ သန်းတင်ပို့ရန် USDA က ခန့်မှန်းထားကြောင်း၊ သို့ဖြစ်ရာ အမေရိကန်အနေဖြင့် ပြောင်း တန်ချိန် ၂၂ ဒသမ ၄ သန်းနှင့် ပဲပုပ် တန်ချိန် ၉ ဒသမ ၇ သန်း ထပ်မံတင်ပို့ရန်လိုအပ်သေးကြောင်း ဈေးကွက်သတင်း ခန့်မှန်းချက်များအရ သိရသည်။ ရင်းမြစ်။ [www.argusmedia.com/en/news-and-insights/latest-market](www.argusmedia.com/en/news-and-insights/latest-market)

Source: https://commerce.gov.mm/my/article/update-news-international-trade/32153

## ကင်ညာနိုင်ငံသည် ပို့ကုန်ဈေးကွက်ချဲ့ထွင်ရန်အတွက် အာရှတလွှားရှိကော်ဖီ ဝယ်ယူသူများအား မျက်စိကျလျက်ရှိ

ကင်ညာနိုင်ငံသည် ၎င်း၏ ဥရောပနှင့် မြောက်အမေရိကရှိ ကော်ဖီတင်ရောင်းချမှု ဈေးကွက်အား ကွဲပြားစေရန်နှင့် ပို့ကုန်ဈေးကွက်ချဲ့ထွင်ရန်ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက်နေ့ကကျင်းပသော The Africa Coffee Trade Fair 2025 တွင် အာရှဝယ်လက်ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံခဲ့သည်။ တစ်ရက်တာကျင်းပသော အဆိုပါပွဲတွင် ကင်ညာနိုင်ငံမှ ထုတ်လုပ်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန်တရုတ်နှင့် တောင်ကိုရီးယားမှ ကော်ဖီတင်သွင်းသူ ၅၀ ကျော်ကိုခေါ်ယူခဲ့သည်။ ကင်ညာအမျိုးသားစာရင်းအင်းဗျူရို၏ မကြာသေးမီက စာရင်းဇယားများအရ ကင်ညာနိုင်ငံ၏ ကော်ဖီတင်ပို့မှုကဏ္ဍသည် နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေပြီး ၂၀၂၃ ခုနှစ်အတွင်း ကင်ညာနိုင်ငံသည် ကော်ဖီတန်ချိန် ၄၈၆၄၈ တန်ထုတ်လုပ်ခဲ့ကာ တင်ပို့မှုမှအမေရိကန် ၂၅၁ ဒသမ ၈၆ သန်းရရှိခဲ့ကြောင်းသိရသည်။

ကင်ညာနိုင်ငံသည် လက်ဖက်၊ ပန်းမန်များနှင့်အတူ ကော်ဖီတင်ပို့မှုမှ နိုင်ငံခြားငွေ အဓိကရရှိနေခြင်းဖြစ်သည်။ အာရှဈေးကွက်များသို့တိုးချဲ့ခြင်းသည် ကင်ညာကော်ဖီသမားများ၏ လက်ရှိကင်ညာကော်ဖီ ၇၀ ရာခိုင်နှုန်းကျော်ကို ဝယ်ယူနေသည့် မြောက်အမေရိကနှင့်ဥရောပတို့အပေါ်၎င်းတို့၏ မှီခိုအားထားမှုကိုလျှော့ချရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း နိုင်ရိုဘီကော်ဖီအိတ်ချိန်း၏အမှုဆောင်အရာရှိချုပ် Lisper Ndungu က မှတ်ချက်ပြုခဲ့သည်။ အာရှတွင်လူလတ်တန်းစားများတိုးပွားလာမှုသည် လယ်သမားများအား ၎င်းတို့၏ကော်ဖီထုတ်လုပ်မှုကိုတိုးမြင့်ရန်နှင့် ၁၉၈၉ ခုနှစ်က တန်ချိန် ၁၃၀,၀၀၀ ဖြင့် ထုတ်လုပ်မှု အထွတ်အထိပ်သို့ ရောက်ရှိခဲ့သော ကဏ္ဍကိုပြန်လည်အသက်ဝင်လာအောင် တွန်းအားပေးရန် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း Lisper Ndungu က ဆက်လက်ပြောကြားခဲ့သည်။ African Fine Coffee Association ၏ ဒုတိယဥက္ကဋ္ဌ Karuga Macharia က ကင်ညာသည် e-commerce ပလက်ဖောင်းများနှင့်ဒေသတွင်းအထူးကော်ဖီပြပွဲများမှ တစ်ဆင့် တိုက်ရိုက်ရောင်းချမှုကို မြှင့်တင်ခြင်းဖြင့် ကင်ညာသည် အာရှဈေးကွက်ကို ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ရန်အကြံပြုခဲ့သည်။ DOCA(ရန်ကုန်)

Source: [https://doca.gov.mm/my/node/32636](https://doca.gov.mm/my/node/32636)

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ကို ၂၀၂၅ ခုနှစ်၌ UNESCO သို့ တင်သွင်းမည်

"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့" (Practice of thanakha Culture in Myanmar) နှင့် ပတ်သက်၍ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းမည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးကို ဖေဖော်ဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ Virtual Online System ဖြင့် ကျင်းပ သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖြ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှတာဝန်ရှိသူများနှင့်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှတာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံက "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့" (Practice of thanakha Culture in Myanmar)ကို ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းရာတွင် ဘက်စုံထောင့်စုံပြည့်ပြည့်စုံစုံဖြင့် ဟာကွက်မရှိအောင်ရေးသား ပြုစုပြီးတင်သွင်းသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသား နှစ်သက်ခုံမင်စွာဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက်သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ခုနှစ်၌ UNESCO သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများသာမက မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အခြားလူမျိုးများပါ သနပ်ခါးကို နှစ်ခြိုက်စွာအသုံးပြုကြကြောင်း၊ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသည့်အနေဖြင့် နိုင်ငံတော်အစိုးရကလည်း နှစ်စဉ်တပို့တွဲလပြည့်နေ့ကို "မြန်မာ့သနပ်ခါးနေ့" အဖြစ်သတ်မှတ်ခဲ့ကြောင်း၊ ထို့ကြောင့် မတ်လ ၃၁ ရက်မတိုင်မီ ယူနက်စကိုအဖွဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းမည့် "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့" (Practice of Thanakha Culture in Myanmar)ကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန်ကဲ့သို့ အောင်မြင်စွာဖြင့် တင်သွင်းနိုင်ရေး လစ်ဟာမှုမရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့"(Practice of thanakha Culture in Myanmar)ကို အောင်မြင်စွာဖြင့် အသိအမှတ်ပြုတင်သွင်းရန် လိုအပ်သည့် အချက်အလက်များကို အကြံပြုပေးကြရန် အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ အတွင်းရေးမှူးတို့က မြန်မာ့သနပ်ခါး၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းကို UNESCO သို့ တင်သွင်းရန် ဆောင်ရွက်နေမှုများနှင့်ပတ်သက်ရှင်းလင်းတင်ပြကြပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO ICH တင်သွင်းခြင်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်တို့က "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ (Practice of thanakha Culture in Myanmar) နှင့်ပတ်သက်၍ သက်ဆိုင်သည့်အချက်အလက်များကို ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြသည်။ Source: ရတနာပုံသတင်းစာ

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအကြား B to B ပြောင်းအရောင်းအဝယ် နားလည်မှုဆိုင်ရာ သဘောတူစာချုပ်(MoU)လက်မှတ်ရေးထိုးနိုင်ခဲ့

ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့၊ Maekong Hotel ၌ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအကြား B to B ပြောင်းအရောင်းအဝယ်နားလည်မှု ဆိုင်ရာသဘောတူစာချုပ် (MoU)လက်မှတ်ရေးထိုးပွဲသို့မြန်မာနိုင်ငံမှစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ဥက္ကဋ္ဌနှင့် ပြောင်းကုန်သည်လုပ်ငန်းရှင်များတက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံဘက်မှ မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး Mr. Warayut Kamboon၊ မယ်ဆိုင်အကောက်ခွန်နှင့် စစ်ဆေးရေးဦးစီးဌာန၊ တာဝန်ခံအရာရှိ၊ မယ်ဆိုင်မြို့နယ် ကုန်သည်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ Ms. Pakaimas VierraeSifh နှင့် ပြောင်းကုန်သည်လုပ်ငန်း ရှင်များ စုစုပေါင်း ၄၇ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ နားလည်မှုဆိုင်ရာသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး ပြောင်းအရောင်းအဝယ်နားလည်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ပြောင်းအရောင်းအဝယ်နားလည်မှု စာချွန်လွှာသဘောတူစာချုပ်(MoU) ၄၃ ခုကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။ ပြောင်းအရောင်းအဝယ် နားလည်မှုဆိုင်ရာသဘောတူစာချုပ် ၄၃ ခုတွင် မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီ ၂၃ ခုနှင့် ထိုင်းနိုင်ငံဘက်မှ ကုမ္ပဏီ ၉ ခုတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး စုစုပေါင်း ပြောင်းတန်ချိန် ၂ သိန်းတိတိ စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား Business to Bussiness ပြောင်း အရောင်းအဝယ်နားလည်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် ဈေးကွက်ခိုင်မာမှုရှိခြင်း၊ ဝယ်လိုအားများသည့်ကာလ၌ တစ်ဖက်နိုင်ငံဝယ်ယူသူများဘက်မှ

ဈေးကစားမှုများ မဖြစ်ပေါ်နိုင်ခြင်း၊ ဈေးကွက်ဈေးနှုန်းမှန်ကန်စွာရရှိနိုင်ခြင်း၊ ကုန်သည်လုပ်ငန်းရှင်များအကြား အပြန်အလှန် လေးစားမှုနှင့်ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိလာခြင်း၊ ကုန်သွယ်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခြင်းတို့ကို ရရှိစေသည်။

နိုင်ငံတော်အကြီးအကဲ၏ ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး လမ်းညွှန်ချက်အပေါ် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေး၊ တရားမဝင်ကုန်သွယ်မှုမရှိစေရေး၊ ကုန်သည်လုပ်ငန်းရှင်များ၏ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကို အထောက်အကူဖြစ်စေသည်။ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြားတွေ့ဆုံပွဲများ၊ ဆွေးနွေးပွဲများပြုလုပ်ကျင်းပခြင်းဖြင့်နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်ပြီး ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Source: https://commerce.gov.mm/my/article/department-trade/32157

## Smart Farm Korea 2025 (SFKOREA 2025 ) ပြပွဲ ကျင်းပမည်

ကိုရီးယားသမ္မတနိုင်ငံ၏ Smart Farm Korea မှ ကြီးမှူးကျင်းပသည့် Smart Farm Korea 2025 (SFKOREA 2025 ) ကို ကိုရီးယားသမ္မတနိုင်ငံ၏ Gyeongsangnam-do ပြည်နယ်၊ Changwon မြို့ရှိ Changwon Convention Center (CECO) ၌ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံထုတ် Smart Farming ဆိုင်ရာ နည်းပညာနှင့်ကုန်စည်များဝယ်ယူလိုသည့် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။ အဆိုပါပြပွဲအတွက် အောက်ပါတို့ကို ဖော်ပြထားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ Smart Farming အတွက် လိုအပ်သော နည်းပညာအမျိုးမျိုးကို မိတ်ဆက်ပေးရန်နှင့် အနာဂတ်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်နိုင်မည့် လယ်သမားများကို အကူအညီပေးရန်အတွက် Smart Farm Korea 2025 (SFKOREA 2025) ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ ကုမ္ပဏီစုစုပေါင်း ၁၂၀ ခန့်မှ ပြခန်း ၄၀၀ အား လာရောက်ခင်းကျင်းပြသမည်ဖြစ်ပြီး ဧည့်သည် ၂၀,၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် အနာဂတ်လယ်ယာစိုက်ပျိုးရေးသုံးနည်းပညာများ၊ Smart Factory အတွက် လိုအပ်သော စက်ကိရိယာများ (ဥပမာ-လယ်ယာလုပ်ငန်းသုံး အလိုအလျောက်ရွေ့လျား/ အလုပ်လုပ်နိုင်သော စက်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးစက်ရုပ် များနှင့် ဒရုန်းများ၊ တစ်နှစ်ပတ်လုံး အပင်များစိုက်ပျိုးနိုင်ရေး ထိန်းချုပ်မှုများ ပြုလုပ်နိုင်သည့် အလုံပိတ်အခန်းငယ်များ (Plant Factories စသည်တို့)၊ လူငယ်များ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နိုင်ရေး ဆွေးနွေးအကြံပြုမှုများ၊ လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများမှ စားသောက်ကုန်များ၊ မြို့ပြစိုက်ပျိုးမှုစနစ်များ၊ အသိပညာပေးရေးအစီအစဉ်များ (ဥပမာ-တိရစ္ဆာန်နှင့် အပင်ရောဂါစီမံခန့်ခွဲမှုများ၊ Smart Farm များ လေ့လာခြင်းဆိုင်ရာအသိပညာနှင့် ICT ဆိုင်ရာ အသိပညာများ) စသည်တို့ကို ခင်းကျင်းပြသ သွားမည်ဖြစ်ကြောင်း သိရသည်။

Smart Farm Korea 2025 (SFKOREA 2025)တွင် ခင်းကျင်းပြသမည့် ကိုရီးယားကုန်စည်နှင့် နည်းပညာများကို ဝယ်ယူလိုသည့် မြန်မာနိုင်ငံမှ Buyers များ၊ ရင်းနှီးမြှုပ်နှံလိုသူများ၊ Smart Farming ကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များနှင့် အစိုးရအဖွဲ့အစည်းများမှ လယ်ယာစိုက်ပျိုးရေးဆိုင်ရာသုတေသနပညာရှင်များကို ဖိတ်ကြားလိုကြောင်း၊ ကိုရီးယားကုန်စည်နှင့် နည်းပညာများကို ဝယ်ယူရန် တက်ရောက်မည်ဆိုပါက Buyers များသည် ရောင်းသူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ (“Business Matching” Program) တွင် ပါဝင် တက်ရောက်ရ မည်ဖြစ်ကြောင်း သိရသည်။

Buyers များအတွက် အသွား/အပြန် လေယာဉ်လက်မှတ်နှင့် ၂ ရက်တာ တည်းခိုစရိတ်တို့ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ Buyers အဖြစ်မဟုတ်ဘဲ ဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားမည့်ပုဂ္ဂိုလ် (Speaker) အဖြစ် တက်ရောက်မည်ဆိုပါက ၂ ရက်တာ တည်းခိုစရိတ်ကိုသာ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ ထောက်ပံ့ပေး သင့်/မသင့်ကိုလည်း လျှောက်ထားလာသော လျှောက်လွှာကို Smart Farm Korea (SFKOREA) Secretariat က စိစစ်အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

Smart Farm Korea 2025 (SFKOREA 2025) တွင် Buyers (သို့မဟုတ်) Speaker အဖြစ် တက်ရောက်ရန် စိတ်ဝင်စားပါက Buyer Registration Form တွင် အချက်အလက်များ ဖြည့်သွင်း၍ မိမိတို့၏ Business Card နှင့်အတူ ၂၀၂၅ ခုနှစ် ဧပြီလ ၂၅ ရက်နေ့နောက်ဆုံးထား၍ Smart Farm Korea (SFKOREA) Secretariat ၏ E-mail (yeon0225@jm-fair.com) သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td. myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ Source: https://myantrade.gov.mm/event/naypyitaw_04022025%201235

## ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားက ဆန်တင်သွင်းခြင်းမပြုလျှင် ဆန်ဈေးကွက်အပေါ် အကျိုးသက်ရောက်မှု

အင်ဒိုနီးရှားအမျိုးသားစားနပ်ရိက္ခာအေဂျင်စီက ပြည်တွင်းဆန်အရန်ဆန် လုံလောက်နေသောကြောင့် ၂၀၂၅ ခုနှစ်တွင် စီစဉ်ထားသည့်အတိုင်း ဆန်၊ ပြောင်း၊ သကြားနှင့် ဆားတို့ကို ဆက်လက်တင်သွင်းမည် မဟုတ် ကြောင်း၊ လာမည့်နှစ်တွင်လည်း တောင်သူများထံမှဝယ်ယူမည့် အရန်ဆန်တန်ချိန်ကို ၂ ဒသမ ၅ သန်းထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ရာ ဆန်ဈေးကွက်အပေါ် အလားအလာများကို ဗီယက်နမ်စက်မှုနှင့် ကုန်သည်များအသင်း(VCCI) က သုံးသပ်ထားသည်။

လက်လီရောင်းချသူများ အပါအဝင် အင်ဒိုနီးရှား၏ အရန်ဆန်သည် ယခုနှစ်ကုန်တွင် တန်ချိန် ၈ သန်း ထိရှိမည်ဟု ခန့်မှန်းထားပြီး အင်ဒိုနီးရှား ဗဟိုစာရင်းအင်းဌာန(BSP) ၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းဆန် ထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်က စံချိန်တင်ထုတ်လုပ်မှု တန်ချိန် ၃၁ ဒသမ ၁ သန်းထက် ၂ ဒသမ ၄၃ ရာခိုင်နှုန်းကျဆင်းခဲ့ကာ တန်ချိန် ၃၀ ဒသမ ၃၄ သန်းရှိကြောင်း၊ ကမ္ဘာနှင့်အဝှမ်း စိန်ခေါ်မှုများနှင့် ပြည်တွင်းလူဦးရေ တိုးပွားလာမှုကြောင့် ဝယ်လိုအား တက်နေချိန်တွင် အစိုးရက စားနပ်ရိက္ခာ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် စပါးစိုက်ပျိုးမြေ ဟက်တာ ၃ သန်း တိုးချဲ့မည် ဖြစ်သည်။

အရှေ့တောင်အာရှတွင် လူဦးရေနှင့် ဆန်တင်သွင်းမှု အများဆုံးဖြစ်သည့် အင်ဒိုနီးရှားက ၂၀၂၅ ခုနှစ်တွင် ဆန် တင်သွင်းမှုကို ရပ်တန့်မည်ဆိုပါက နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားများစွာ ကျဆင်းသွားမည်ဖြစ်သည်။ အင်ဒိုနီးရှား ဗဟိုစာရင်းအင်း အေဂျင်စီ (BSP) ၏ အဆိုအရ ၂၀၂၄ ခုနှစ်၊ ပထမ ၁၁ လအတွင်း အင်ဒိုနီးရှားသည် ဆန်တန်ချိန် ၃ ဒသမ ၈၅ သန်း (ထိုင်းနိုင်ငံမှ တန်ချိန် ၁ ဒသမ ၁၉ သန်း၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁ ဒသမ ၁၂ သန်း နှင့် မြန်မာနိုင်ငံမှ တန်ချိန် သုည ဒသမ ၆၄၂သန်း) တင်သွင်းခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၆၂ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ဗီယက်နမ်စီးပွားရေးသံမှူး မစ္စတာ Pham The Cuong က ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ နှင့် ဗီယက်နမ်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ဖြင့် ၄ နှစ်အတွင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိခဲ့ကြောင်း၊ ဆန်စပါးသည် ပို့ကုန်တန်ဖိုး အများဆုံးဖြစ်ကြောင်း၊ အင်ဒိုနီးရှား ဈေးကွက်သို့ ဗီယက်နမ် ဆန်တင်ပို့မှုသည် တန်ချိန် ၁၁၂၀၃၃၉ ဖြင့် ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တန်ဖိုးမှာ ၁၀ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ အမေရိကန်ဒေါ်လာ ၆၇၉ သန်းရှိခဲ့ကြောင်း အင်ဒိုနီးရှားသည် ဗီယက်နမ်၏ဒုတိယအကြီးဆုံး ဆန် ဈေးကွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆန်ဈေးကွက်အလားအလာ**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ မဲခေါင်မြစ်ဝှမ်းဒေသတွင် ဆန်အရောင်းအဝယ်မရှိဘဲ ဆန်နှင့် ဆန်ထွက်ကုန် များ၊ ကောက်ပဲသီးနှံဈေးနှုန်းများ အနည်းငယ်အတက်ပြနေသည်။ ဗီယက်နမ်စားသောက်ကုန် အသင်းအဆိုအရ ၅ ရာခိုင်နှုန်း စံချိန် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၁၊ ၂၅ ရာခိုင်နှုန်းဆန်ကွဲ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၄ နှင့် ၁၀၀ ရာခိုင်နှုန်းဆန်ကွဲဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဈေးပေါက်ကြောင်း၊ ဗီယက်နမ်၏ ၂၀၂၄ ခုနှစ် ဆန်တင်ပို့မှုသည် ပထမဆုံးအကြိမ် တန်ချိန် ၉ သန်းနှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရရှိခဲ့သဖြင့် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများကလည်း ၂၀၂၅ ခုနှစ်အတွက် ဆန်အရောင်းအဝယ်စာချုပ်များကို ချုပ်ဆိုခဲ့ကြကြောင်း၊ သို့သော် ဗီယက်နမ်ကုန်စည်ဒိုင်အဆိုအရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာပေါ်တွင် ဆန်ပေါများလာမည်ဖြစ်၍ ဗီယက်နမ်အပါအဝင်နိုင်ငံ အများ အပြား၏ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်ထက် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့နိုင်ကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံအများစုက စားနပ်ရိက္ခာထောက်ပံ့မှု တိုးမြင့်လာစေရန်ကြိုးပမ်းနေကြသည့်အပြင် အိန္ဒိယကလည်း ဆန်ရောင်းချမှုကို ပြန်လည်ဖွင့်လှစ် လိုက်သည့်အတွက် ပျမ်းမျှဆန်ပို့ကုန်ဈေးနှုန်း ကျဆင်းသွားနိုင်ကြောင်း၊ သို့သော် ဈေးကွက်လိုအပ်ချက်အလိုက် အရည်အသွေး မြင့်ဆန်တင်ပို့မည်ဆိုပါက ဗီယက်နမ်ဆန်အတွက် အခွင့်အလမ်းများရှိနေသေးကြောင်း သုံးသပ်ထားသည်။

လက်ရှိတွင် ဗီယက်နမ်ဆန် ပို့ကုန်ဈေးနှုန်းသည် ထိုင်းဆန်ပို့ကုန်ဈေးထက် တစ်တန်လျှင် ၃၉ ဒေါ်လာကျဆင်းနေ ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဒေသတောင်သူများ ပူးပေါင်းအကောင်အထည်ဖော်မည့် အရည်အသွေးမြင့် စပါးစိုက်ဧရိယာ ဟက်တာ ၁ သန်း စီမံကိန်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရန် မျှော်လင့်ထားကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်နိုင်ပါက အီးယူ၊ ဂျပန်၊ တရုတ်နှင့် အရှေ့အလယ်ပိုင်းစသည့် အရည်အသွေးမြင့်ဆန် ဝယ်ယူသော ဈေးကွက်များကိုဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့်ဆန်သည် ဗီယက်နမ်အနေအထားကို ခိုင်မာစေရုံသာမက စားသောက်ကုန် သိုလှောင်မှုကြောင့် ဖြစ်ပေါ်လာသည့် ဈေးကွက်ဖိအားကို လျှော့ချပေးကာ ကြိုက်ဈေးညှိနှိုင်းနိုင်ကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သည်များအသင်း (VCCI) က သုံးသပ်ထားသည်။ **Source:** [https://wtocenter.vn/market](https://wtocenter.vn/market)

Source: https://commerce.gov.mm/my/article/update-news-international-trade/32142

## ဈေးနှုန်းသင့်တင့်မှုနှင့် ဆန်းသစ်တီထွင်မှုကြောင့် တရုတ်ထုတ်ကုန်ပစ္စည်းများက မြန်မာနိုင်ငံ၏ MSME ထုတ်ကုန် ပြပွဲတွင် ထင်ပေါ်ကျော်ကြားလျက်ရှိ

မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပလျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်ပြပွဲ၌ စီးပွားရေးလုပ်ငန်း အစုံအလင် အတူတကွစုပေါင်းလျက် ပြည်တွင်းထုတ်ကုန်များရော ပြည်ပ တင်သွင်းကုန်များပါခင်းကျင်းပြသခဲ့ကြသည်။

ယင်းပြပွဲတွင် ပြည်တွင်းထုတ်ကုန်များက လွှမ်းမိုးထားသလို လျှပ်စစ်ယာဉ်များ၊ ဆိုလာထုတ်ကုန်များနှင့် စက်ယန္တရား များစသည့်ပြည်ပသွင်းကုန်ပစ္စည်းများကိုလည်း ထည့်သွင်းပြသထားသည်။ ၎င်းတို့အနက်တရုတ် ကုန်ပစ္စည်းအမှတ်တံဆိပ်များ ကလည်း ပြပွဲအတွင်းထင်ပေါ်ကျော်ကြားလျက်ရှိသလို အဆင့်မြင့်နည်းပညာနှင့် ကုန်ကျစရိတ်သက်သာသော ဖြေရှင်းမှုများဖြင့် ပြပွဲကိုဦးဆောင်လျက်ရှိသည်။ MSME ထုတ်ကုန်ပြပွဲတွင် ဝင်ရောက်ပြသသော ထင်ရှားသောကုမ္ပဏီများအနက် တစ်ခုဖြစ်သော Super Seven Stars Green Energy ကုမ္ပဏီက စွမ်းအင်သိုလှောင်မှုဘက်ထရီစနစ်များ၊ ရွေ့လျား power station များ၊ ဆိုလာမီးများနှင့် လျှပ်စစ်ယာဉ်များ အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်ကုန်ပစ္စည်းအများအပြားကို ခင်းကျင်း ပြသခဲ့သည်။

"ဒီပြပွဲမှာ ကျွန်တော်တို့ ပြသထားတဲ့ထုတ်ကုန် ၉၉ ရာခိုင်နှုန်းလောက်က တရုတ်နိုင်ငံကပါ။ နိုင်ငံတကာ စံချိန်စံညွှန်း တွေနဲ့အညီ ထုတ်လုပ်ထားတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်ကုန်တွေကို ကျွန်တော်တို့ တင်သွင်းထားတာဖြစ်ပါတယ်" ဟု Super Seven Stars Green Energy ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဇော်ဝင်းစိုးက ပြောခဲ့သည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီး စသည့်နေရာများတွင် ရုံးခွဲများဖွင့်လှစ်ထားသော Super Seven Stars ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ဆိုလာစွမ်းအင်ကဏ္ဍ အားကောင်းလာစေရန် ကတိပြုထားကြောင်းလည်း ၎င်းက ဖြည့်စွက် ပြောခဲ့သည်။

နောက်ထပ် အဓိက ပြခန်းပြသသည့် ကုမ္ပဏီတစ်ခုဖြစ်သော Myanmar New Power Motorcycle ကုမ္ပဏီကလည်း ပြခန်းနှစ်ခန်းဖြင့် ဒီဇိုင်းဆန်းသစ်သော မော်တော်ဆိုင်ကယ် ၂၁ မျိုးကို ပြသထားကြောင်း သိရသည်။ "ကျွန်တော်တို့ SKD (semi knocked-down) စနစ်အရ တပ်ဆင်ထုတ်လုပ်ထားတဲ့ မော်တော်ဆိုင်ကယ် ၂၁ မျိုး ပြထားပါတယ်။ ပစ္စည်းအစိတ်အပိုင်း တွေကတော့ တရုတ်နိုင်ငံက တင်သွင်းထားတာပါ" ဟု Myanmar New Power Motorcycle ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးအောင်ကျော်မျိုးကပြောခဲ့သည်။ "ကျွန်တော်တို့ကုမ္ပဏီက မော်တော်ဆိုင်ကယ် အစိတ်အပိုင်းတွေကို အဓိကအားဖြင့် တရုတ်နိုင်ငံက တင်သွင်းတာဖြစ်တယ်။ အဓိက ကတော့ အရည်အသွေးလည်းမီတယ်။ ဈေးနှုန်းလည်း သက်သာပြီးတော့ ပြည်တွင်းဝယ်လိုအားနဲ့လည်း ကိုက်ညီနိုင်တဲ့အတွက် တရုတ်နိုင်ငံက ပစ္စည်းတွေတင်သွင်းတာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

"ကျွန်တော်တို့နဲ့ အလုပ်တွဲလုပ်တဲ့ တရုတ်နိုင်ငံက ထုတ်လုပ်သူတွေကအရည်အသွေးမြင့် ထုတ်ကုန်တွေကို ထုတ်လုပ် တာကြောင့်မို့လို့ တရုတ်သွင်းကုန်ပစ္စည်းတွေကို ဝယ်ယူသူတွေကလည်း စိတ်ကျေနပ်မှုရှိကြပါတယ်"ဟု ဦးအောင်ကျော်မျိုး ကဖြည့်စွက်ပြောကြားခဲ့သည်။ Super Seven Stars Industrial Development ကုမ္ပဏီကလည်း နိုင်ငံ ၁၁ နိုင်ငံမှ အဆင့်မြင့် စက်ယန္တရားနှင့် နည်းပညာများကို ပြခန်းများစွာဖြင့် ခင်းကျင်းကာ အဆိုပါပြပွဲတွင် ဝင်ရောက်ပြသလျက်ရှိသည်။

"ကမ္ဘာတစ်ဝန်းမှာ နည်းပညာတွေက တိုးတက်မြင့်မားနေတယ်။ ဒီလိုနောက်ဆုံးပေါ် ခေတ်မီနည်းပညာ ဆန်းသစ် တီထွင်မှုတွေကို ဒီက SME လုပ်ငန်းရှင်တွေလည်း မျက်မြင်တွေ့ရအောင်လို့ ဒီပြခန်းမှာလာပြီး မိတ်ဆက်ပြသတာဖြစ်ပါတယ်" ဟု Super Seven Stars Industrial Development ကုမ္ပဏီ၏ ထုတ်လုပ်မှု ဒါရိုက်တာ ဦးမြင့်ဝင်းက ပြောခဲ့သည်။

အဆိုပါ ကုမ္ပဏီက တိရစ္ဆာန်အစားအစာထုတ်လုပ်မှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု၊ အဖျော်ယမကာ ထုတ်လုပ်မှု၊ သစ်သီးခြောက်များ၊ အဆာပြေစားစရာများ၊ အာလူးပြားကြော်များ၊ လောင်စာထောင့်ထုတ်လုပ်မှု၊ ဘုတ်ပြားများ ထုတ်လုပ်ခြင်း နှင့် ဆီကြိတ်စက် စသည်တို့အပါအဝင် စက်မှုလုပ်ငန်း အမျိုးမျိုးအတွက် စက်ပစ္စည်း၊ ကိရိယာများကို ခင်းကျင်းပြသထားသည်။

"ဒီမှာခင်းကျင်းပြသထားတဲ့ စက်ယန္တရား၊ ပစ္စည်း ၆၀ ရာခိုင်နှုန်းလောက်က တရုတ်နိုင်ငံပါ"ဟု ဦးမြင့်ဝင်းက ပြောခဲ့သည်။ "ဈေးနှုန်းအရတော့ တရုတ်ထုတ်ကုန်ပစ္စည်းတွေကတော့ မြန်မာဈေးကွက်မှာ လောလောဆယ်တော့ အကိုက်ညီ ဆုံးလို့ ပြောလို့ရပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့တော့ လုပ်ငန်းတစ်ခု စတင်တဲ့အခါမှာ အရင်းအနှီးနည်းနည်းနဲ့ လိုချင်တဲ့အနေအထားကို မြန်မြန်ဆန်ဆန် ရောက်ချင်တယ် ဆိုရင်တော့ တရုတ်ပစ္စည်းတွေက အကောင်းဆုံးရွေးချယ်မှုပေါ့" ၎င်းကဆိုသည်။ "ကျွန်တော်တို့ရဲ့ စက်ယန္တရားနဲ့ စက်ကိရိယာတွေကို SME လုပ်ငန်းတွေအတွက် အဓိကရည်ရွယ်ထားတာ ဖြစ်ပေမဲ့ စက်ရုံအကြီးနဲ့ အများအပြား ကုန်ထုတ်လုပ်မှုလုပ်ချင်တဲ့ စီးပွားရေးလုပ်ငန်းတွေအတွက်လည်း စက်ပစ္စည်းတွေ

ကိရိယာတွေ ပြသထားပါတယ်”ဟု ၎င်းကဖြည့်စွက်ပြောခဲ့သည်။ “တရုတ်နိုင်ငံရဲ့ တီထွင်ဆန်းသစ်မှုက တကယ့်ကြောက်ခမန်းလိလိပါပဲ။ သူတို့ရဲ့ထုတ်ကုန်တွေက ဂျာမနီနိုင်ငံလိုမျိုး အနောက်နိုင်ငံတွေကိုတောင်မှ ယှဉ်ပြီးထုတ်လို့ရတဲ့အတွက် သူတို့နည်းပညာက တော်တော်လေးကို အဆင့်မြင့်မားပါတယ်” ဟု ၎င်းက မှတ်ချက်ပြုခဲ့သည်။

ထို့ပြင် အဆိုပါ ပြပွဲတွင် Good Brothers ကုမ္ပဏီကလည်း ပြည်တွင်းထုတ်ရော၊ ပြည်ပသွင်းကုန်များဖြင့် ပါဝင်ပြသလျက်ရှိသည်။ Good Brothers ကုမ္ပဏီအနေဖြင့် ပြပွဲ၌ခင်းကျင်းပြသထားသော စက်ပစ္စည်းနှင့် ကိရိယာ ၇၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးလှဦးက ဆိုသည်။ “တရုတ်နိုင်ငံက စက်ပစ္စည်းနှင့် ကိရိယာတွေက ဈေးနှုန်းသင့်တင့်တဲ့အတွက် မြန်မာနိုင်ငံမှာအသုံးတွင်ကျယ်နေတယ်လေ” “ဆိုလာပစ္စည်းတွေကလည်း တစ်ကမ္ဘာလုံးမှာ တရုတ်ပစ္စည်းတွေက ဈေးနှုန်းအသင့်တင့်ဆုံးပဲလေ။ ဒါကြောင့် တရုတ်ထုတ်ကုန်ပစ္စည်းလေးတွေကို ကျွန်တော်တို့ ဝယ်သူတွေကို မိတ်ဆက် ပေးထာဖြစ်ပါတယ်”ဟုဦးလှဦးကဖြည့်စွက်ပြောခဲ့သည်။

တရုတ်နိုင်ငံထုတ် ဆိုလာထုတ်ကုန်ပစ္စည်းများသည် ကုန်ကျစရိတ်သက်သာခြင်းကြောင့် လူကြိုက်များနှစ်သက်ကြသည်။ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ အသက် ၆၄ နှစ်အရွယ် ဦးကျော်ရွှေ အပါအဝင် MSME ထုတ်ကုန်ပြပွဲသို့ လာရောက်လေ့လာသူများကလည်း တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများအပေါ် ယုံကြည် စိတ်ချမှုရှိကြောင်း ပြောကြားခဲ့ကြသည်။

“အိမ်မှာ ရေတင်ဖို့နဲ့ မီးထွန်းဖို့ လွန်ခဲ့တဲ့ရက်အနည်းငယ်ကပဲ ဆိုလာထုတ်ကုန်တွေတပ်ထားတာ။ တရုတ်ကုန်ပစ္စည်းတွေကတော့ ဈေးနှုန်းလည်းသင့်တင့်တဲ့အတွက်ကောင်းပါတယ်”ဟု ၎င်းကပြောပြခဲ့သည်။

ပြည်ထောင်စုအဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်ပြပွဲကို ၇၈ ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၀ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ယင်းပြပွဲ၌ ပြခန်းပေါင်း ၁၀၀ နီးပါး ခင်းကျင်းပြသထားကြောင်း သိရသည်။ (Xinhua)

Source: https://xinhuamyanmar.com/news/business/ne-2521419/

# ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၅၊ ဖေဖော်ဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၄.၃.၂၀၂၅) ထိ

| မြို့နယ် | ဧရာဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000-125000 |
| မြောင်းမြ | 120000-125000 |
| ဒေးဒရဲ | 120000-125000 |
| ဝါးခယ်မ | 120000-125000 |
| ဘိုကလေး | 120000-125000 |
| မော်လမြိုင်ကျွန်း | 120000-125000 |
| လပွတ္တာ | 120000-125000 |
| ကျိုက်လတ် | 120000-125000 |
| ဘုရင့်နောင် | 145000-150000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

### ၂၀၂၅၊ ဖေဖော်ဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 3.2.2025 | 1900-2200 | 1850-2150 | 1800-2100 | 1750-2050 | 1700-2000 |
| 2 | 10.2.2025 | 1850-2150 | 1800-2100 | 1750-2050 | 1700-2000 | 1650-1950 |
| 3 | 17.2.2025 | 1850-2150 | 1800-2100 | 1750-2050 | 1700-2000 | 1650-1950 |
| 4 | 24.2.2025 | 1875-2175 | 1825-2125 | 1775-2075 | 1725-2025 | 1675-1975 |

Source: MRPPA

## ၂၀၂၅ ဖေဖော်ဝါရီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ဧည့်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 3.2.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 65500 | 65000 | 64500 | 72000 | 71000 | 70000 |
| 2 | 4.2.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 65500 | 65000 | 64500 | 67000 | 66000 | 65000 |
| 3 | 5.2.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 65500 | 65000 | 64500 | 67000 | 66000 | 65000 |
| 4 | 6.2.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 65500 | 65000 | 64500 | 67000 | 66000 | 65000 |
| 5 | 7.2.2025 | 108000 | 106000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 6 | 10.2.2025 | 108000 | 106000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 7 | 11.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 8 | 13.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 9 | 14.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 10 | 17.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 11 | 18.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 12 | 19.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 13 | 20.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 14 | 21.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 15 | 24.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 16 | 25.6.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 17 | 26.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 18 | 27.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |
| 19 | 28.2.2025 | 106000 | 105000 | 104000 | 90000 | 89000 | 88000 | 65000 | 64500 | 64000 | 67000 | 66000 | 65000 |

**Source: Myanmar Rice**

## ၂၀၂၅ ဖေဖော်ဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 3.2.2025 | 2100.0 | 61.68 | 289.60 | 1536.49 | 24.11 | 1352.00 |
| 2 | 4.2.2025 | 2100.0 | 61.99 | 289.60 | 1545.99 | 24.12 | 1350.61 |
| 3 | 5.2.2025 | 2100.0 | 62.47 | 288.76 | 1556.36 | 24.09 | 1371.56 |
| 4 | 6.2.2025 | 2100.0 | 62.10 | 288.10 | 1551.93 | 23.98 | 1375.92 |
| 5 | 7.2.2025 | 2100.0 | 62.42 | 288.17 | 1556.54 | 24.02 | 1384.45 |
| 6 | 10.2.2025 | 2100.0 | 61.88 | 287.35 | 1550.33 | 23.96 | 1377.55 |
| 7 | 11.2.2025 | 2100.0 | 61.61 | 287.42 | 1549.19 | 24.20 | 1381.72 |
| 8 | 13.2.2025 | 2100.0 | 62.08 | 287.94 | 1555.84 | 24.17 | 1362.53 |
| 9 | 14.2.2025 | 2100.0 | 62.45 | 289.26 | 1567.16 | 24.19 | 1375.83 |
| 10 | 17.2.2025 | 2100.0 | 62.21 | 289.30 | 1565.59 | 24.18 | 1383.72 |
| 11 | 18.2.2025 | 2100.0 | 62.37 | 288.57 | 1565.82 | 24.15 | 1383.08 |
| 12 | 19.2.2025 | 2100.0 | 62.38 | 288.26 | 1565.00 | 24.19 | 1385.00 |
| 13 | 20.2.2025 | 2100.0 | 62.40 | 289.10 | 1568.63 | 24.25 | 1397.53 |
| 14 | 21.2.2025 | 2100.0 | 62.43 | 289.70 | 1571.57 | 24.24 | 1395.40 |
| 15 | 24.2.2025 | 2100.0 | 62.68 | 289.82 | 1570.45 | 24.22 | 1406.61 |
| 16 | 25.6.2025 | 2100.0 | 62.35 | 289.09 | 1567.92 | 24.10 | 1404.31 |
| 17 | 26.2.2025 | 2100.0 | 62.23 | 289.44 | 1570.39 | 24.12 | 1406.38 |
| 18 | 27.2.2025 | 2100.0 | 61.89 | 288.77 | 1565.47 | 24.07 | 1403.09 |
| 19 | 28.2.2025 | 2100.0 | 61.43 | 288.41 | 1557.40 | 24.03 | 1394.57 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 3.2.2025 | 2986000 | 2870000 | – | 3417100 | 2737400 | 3221200 |
| 2 | 4.2.2025 | 2935000 | 2850000 | – | 3417100 | 2471000 | 3221200 |
| 3 | 5.2.2025 | 2933000 | 2562000 | – | 3417100 | 2471000 | 3221200 |
| 4 | 6.2.2025 | 2941000 | 2900000 | – | 3417100 | 2471000 | 3221200 |
| 5 | 7.2.2025 | 2932000 | 2890000 | – | 3417100 | 2471000 | 3221200 |
| 6 | 10.2.2025 | 2940000 | 2945000 | – | 3417100 | 2471000 | 3221200 |
| 7 | 11.2.2025 | 2952000 | 2955000 | – | 3417100 | 2471000 | 3221200 |
| 8 | 13.2.2025 | 2910000 | 2915000 | – | 3368100 | 2471000 | 3833600 |
| 9 | 14.2.2025 | 2935000 | 2980000 | – | 3368100 | 2471000 | 3221200 |
| 10 | 17.2.2025 | 2932000 | 2970000 | – | 3368100 | 2471000 | 3221200 |
| 11 | 18.2.2025 | 2933000 | 3025000 | – | 3368100 | 2578200 | 3169100 |
| 12 | 19.2.2025 | 2943000 | 3030000 | – | 3368100 | 2578200 | 3169100 |
| 13 | 20.2.2025 | 2965000 | 3055000 | – | 3368100 | 2578200 | 3169100 |
| 14 | 21.2.2025 | 2978000 | 3068000 | – | 3368100 | 2578200 | 3169100 |
| 15 | 24.2.2025 | 3022000 | 3063000 | – | 3368100 | 2578200 | 3169100 |
| 16 | 25.6.2025 | 3012000 | 3030000 | – | 3368100 | 2578200 | 3169100 |
| 17 | 26.2.2025 | 2983000 | 3022000 | – | 3368100 | 2578200 | 3169100 |
| 18 | 27.2.2025 | 2973000 | 3000000 | – | 3368100 | 2578200 | 3169100 |
| 19 | 28.2.2025 | 2993000 | 3010000 | – | 3368100 | 2578200 | 3169100 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 3.2.2025 | 2924200–3037500 | 2498600–2532200 | 2550600–2602700 | 3775400–3879500 | 1028800–1041100 |
| 2 | 4.2.2025 | 2924200–3037500 | 2480200–2501600 | 2480200–2501600 | 3775400–3879500 | 1028800–1041100 |
| 3 | 5.2.2025 | 2924200–3037500 | 2449600–2501600 | 2449600–2501600 | 3775400–3879500 | 1028800–1041100 |
| 4 | 6.2.2025 | 2924200–3037500 | 2449600–2501600 | 2449600–2501600 | 3775400–3879500 | 1028800–1041100 |
| 5 | 7.2.2025 | 2924200–3037500 | 2449600–2501600 | 2498600–2553700 | 3827400–3879500 | 1028800–1041100 |
| 6 | 10.2.2025 | 2924200–3037500 | 2449600–2501600 | 2498600–2553700 | 3827400–3879500 | 1028800–1041100 |
| 7 | 11.2.2025 | 2924200–3037500 | 2449600–2501600 | 2498600–2553700 | 3827400–3879500 | 1028800–1041100 |
| 8 | 13.2.2025 | 2924200–3037500 | 2449600–2501600 | 2397500–2449600 | 3827400–3879500 | 1028800–1041100 |
| 9 | 14.2.2025 | 2924200–3037500 | 2428100–2471000 | 2397500–2449600 | 3827400–3879500 | 1028800–1041100 |
| 10 | 17.2.2025 | 2924200–3037500 | 2428100–2471000 | 2397500–2449600 | 3827400–3879500 | 1028800–1041100 |
| 11 | 18.2.2025 | 2924200–3037500 | 2428100–2471000 | 2397500–2449600 | 3827400–3879500 | 1028800–1041100 |
| 12 | 19.2.2025 | 2924200–3037500 | 2428100–2471000 | 2397500–2449600 | 3827400–3879500 | 1028800–1041100 |
| 13 | 20.2.2025 | 2924200–3037500 | 2428100–2471000 | 2397500–2449600 | 3827400–3879500 | 1028800–1041100 |
| 14 | 21.2.2025 | 2924200–3037500 | 2428100–2471000 | 2397500–2449600 | 3827400–3879500 | 1028800–1041100 |
| 15 | 24.2.2025 | 2924200–3037500 | 2428100–2471000 | 2406700–2449600 | 3827400–3879500 | 1028800–1041100 |
| 16 | 25.6.2025 | 2924200–3037500 | 2428100–2471000 | 2406700–2449600 | 3827400–3879500 | 1022700–1034900 |
| 17 | 26.2.2025 | 2924200–3037500 | 2428100–2471000 | 2406700–2449600 | 3827400–3879500 | 1022700–1034900 |
| 18 | 27.2.2025 | 2924200–3037500 | 2379500–2449600 | 2406700–2449600 | 3827400–3879500 | 1022700–1034900 |
| 19 | 28.2.2025 | 2817000–2875200 | 2379500–2449600 | 2406700–2449600 | 3827400–3879500 | 1022700–1034900 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 3.2.2025 to 7.2.2025 | 10.2.2025 to 14.2.2025 | 17.2.2025 to 21.2.2025 | 24.2.2025 to 28.2.2025 |
|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 740-750 | 730-740 | 725-735 | 750-760 |
| | SQ | 835-845 | 820-830 | 815-825 | 840-850 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 840-860 | 830-850 | 825-845 | 850-870 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 940-960 | 930-950 | 925-945 | 950-970 |
| | အခွံပါအခြမ်း | 840-860 | 830-850 | 825-845 | 850-870 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 840-850 | 840-850 | 840-850 | 840-850 |
| | FAQ (ရွှေဝါ) | 880-890 | 870-880 | 870-880 | 870-880 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 930-940 | 920-930 | 920-930 | 920-930 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 890-900 | 880-890 | 880-890 | 880-890 |
| | ရွှေဝါအသေး (Under 3.5 mm) | 840-850 | 840-850 | 840-850 | 840-850 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 810-820 | 810-820 | 810-820 | 810-820 |
| | SQ ပဲနောက် | 1020-1030 | 1020-1030 | 1020-1030 | 1020-1030 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1055-1075 | 1055-1075 | 1055-1075 | 1055-1075 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 860-880 | 860-880 | 860-880 | 860-880 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 810-830 | 810-830 | 810-830 | 810-830 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 720-730 | 720-730 | 720-730 | 730-740 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 680-690 | 680-690 | 680-690 | 690-700 |
| | အခွံချွတ်အခြမ်း | 1020-1040 | 1020-1040 | 1020-1040 | 1030-1050 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 730-740 | 730-740 | 730-740 | 730-740 |
| | အခွံချွတ်အခြမ်း | 1000-1020 | 1000-1020 | 1000-1020 | 1000-1020 |
| ပဲလွန်းဖြူ | FAQ | 645-655 | 635-645 | 635-645 | 635-645 |
| | SQ | 730-740 | 720-730 | 720-730 | 720-730 |
| | အခွံချွတ်အခြမ်း | 785-805 | 775-795 | 775-795 | 775-795 |
| ပဲလွန်းနီ | FAQ | 700-710 | 700-710 | 700-710 | 700-710 |
| ပဲထောပတ် | FAQ | 870-880 | 870-880 | 860-870 | 860-870 |
| | အခွံချွတ်အခြမ်း | 895-915 | 895-915 | 885-905 | 885-905 |
| ပြောင်းဆန် | | 260-270 | 260-270 | 260-270 | 255-265 |
| နှမ်းဖြူ | | 1340-1350 | 1340-1350 | 1340-1350 | 1340-1350 |
| နှမ်းနက်(စမုန်) | | 2370-2380 | 2380-2390 | 2420-2430 | 2450-2460 |
| နှမ်းညို | | 1155-1165 | 1155-1165 | 1155-1165 | 1155-1165 |
| နှမ်းနက်(ရိုးရိုး) | | 2220-2230 | 2220-2230 | 2250-2260 | 2290-2300 |
| မြေထောက်ပဲ(အနီ)FAQ | | 810-920 | 800-810 | 780-790 | 800-810 |
| မြေထောက်ပဲ(အနီ)SQ | | 910-920 | 900-910 | 880-890 | 900-910 |
| မြေထောက်ပဲ(အဖြူ) | | 910-920 | 900-910 | 880-890 | 900-910 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 810-820 | 800-810 | 780-790 | 780-790 |
| ပဲယင်း(ဝါ) | | 580-590 | 580-590 | 580-590 | 580-590 |
| ပဲယင်း(နီ) | | 640-650 | 640-650 | 640-650 | 640-650 |
| ပဲကြီး | | 760-770 | 780-790 | 780-790 | 780-790 |
| ပဲကြီးအခွံချွတ်အခြမ်း | | 880-900 | 900-920 | 900-920 | 900-920 |
| Azuki (Small Red Bean) | | 920-930 | 920-930 | 920-930 | 930-940 |
| စွန်တာနီ/ပြာ | | 640-650 | 660-670 | 680-690 | 680-690 |
| မြေပဲ (လုံးဆန်) | | 1540-1550 | 1490-1500 | 1470-1480 | 1440-1450 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 5.2.2025 to 11.2.2025 | 12.2.2025 to 18.2.2025 | 19.2.2025 to 25.2.2025 | 26.2..2025 to 4.3.2025 |
|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken (Well Milled Sortexed) | 410–415 | 405–410 | 405–410 | 405–410 |
| 2 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 415–425 | 410–415 | 410–415 | 410–415 |
| 3 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 410–415 | 405–410 | 405–410 | 405–410 |
| 4 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 405–410 | 400–405 | 400–405 | 400–405 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 395–405 | 390–400 | 390–400 | 390–400 |
| 6 | 7Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 390–395 | 380–390 | 380–390 | 380–390 |
| 7 | M8yanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 420–430 | 420–430 | 420–430 | 420–430 |
| 8 | My9anmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 415–420 | 415–420 | 415–420 | 415–420 |
| 9 | Mya10nmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 410–415 | 410–415 | 410–415 | 410–415 |
| 10 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 400–410 | 400–410 | 400–410 | 400–410 |
| 11 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 415–425 | 410–415 | 410–415 | 410–415 |
| 12 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 410–415 | 405–410 | 405–410 | 405–410 |
| 13 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 405–410 | 400–405 | 400–405 | 400–405 |
| 14 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 395–405 | 390–400 | 390–400 | 390–400 |
| 15 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | 415–425 | 410–415 | 410–415 | 410–415 |
| 16 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | 410–415 | 405–410 | 405–410 | 405–410 |
| 17 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | 405–410 | 400–405 | 400–405 | 400–405 |
| 18 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | 400–405 | 390–400 | 390–400 | 390–400 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 415–425 | 410–415 | 410–415 | 410–415 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 410–415 | 405–410 | 405–410 | 405–410 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 405–410 | 400–405 | 400–405 | 400–405 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 400–405 | 390–400 | 390–400 | 390–400 |
| 23 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 390–400 | 380–390 | 380–390 | 380–390 |
| 24 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 485–500 | 485–500 | 485–500 | 485–500 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 415–425 | 415–420 | 415–420 | 415–420 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 410–415 | 410–415 | 410–415 | 410–415 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 405–410 | 405–410 | 405–410 | 405–410 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 400–405 | 400–405 | 400–405 | 400–405 |
| 29 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 620–630 | 615–620 | 615–620 | 615–620 |
| 30 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 610–620 | 610–615 | 610–615 | 410–615 |
| 31 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 620–630 | 615–620 | 615–620 | 615–620 |
| 32 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 610–620 | 610–615 | 610–615 | 610–615 |
| 33 | Myanmar Glutinous Rice 5% Broken (Well Milled) | 500–510 | 500–510 | 500–510 | 500–510 |
| 34 | Myanmar Glutinous Rice 10 % Broken (Well Milled) | 490–500 | 490–500 | 490–500 | 490–500 |
| 35 | Myanmar Glutinous Rice 15 % Broken (Well Milled) | 480–490 | 480–490 | 480–490 | 480–490 |
| 36 | Myanmar Glutinous Rice 25 % Broken (Well Milled) | 470–480 | 470–480 | 470–480 | 470–480 |
| 37 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 465–475 | 465–475 | 465–475 | 465–475 |
| 38 | Myanmar Glutinous Rice 25 % Broken (Reasonable Well Milled) | 450–460 | 450–460 | 450–460 | 450–460 |
| 39 | Myanmar Brown Rice 10 % Broken | 380–390 | 370–380 | 370–380 | 370–380 |

**Source: MRF**

## ၂၀၂၅ ဖေဖော်ဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Natural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USD/ gal) | USD/ MMBtu) | (USD/ gal) |
| 1 | 3.2.2025 | 73.74 | 76.17 | 211.38 | 3.31 | 246.54 |
| 2 | 4.2.2025 | 72.37 | 75.58 | 207.43 | 3.34 | 241.86 |
| 3 | 5.2.2025 | 72.48 | 75.87 | 209.06 | 3.22 | 242.95 |
| 4 | 6.2.2025 | 71.20 | 74.73 | 205.28 | 3.31 | 238.64 |
| 5 | 7.2.2025 | 70.86 | 74.60 | 208.96 | 3.38 | 241.78 |
| 6 | 10.2.2025 | 71.43 | 75.14 | 211.78 | 3.42 | 245.06 |
| 7 | 11.2.2025 | 72.45 | 76.05 | 210.37 | 3.45 | 244.98 |
| 8 | 13.2.2025 | 70.7 | 74.49 | 206.45 | 3.64 | 242.85 |
| 9 | 14.2.2025 | 71.36 | 75.17 | 211.08 | 3.7 | 245.38 |
| 10 | 17.2.2025 | 70.71 | 74.81 | 208.54 | 3.63 | 244.11 |
| 11 | 18.2.2025 | 71.42 | 75.37 | 209.75 | 3.58 | 244.61 |
| 12 | 19.2.2025 | 71.94 | 75.90 | 208.96 | 3.99 | 243.67 |
| 13 | 20.2.2025 | 71.95 | 75.88 | 207.73 | 4.32 | 246.34 |
| 14 | 21.2.2025 | 72.57 | 76.41 | 207.94 | 4.19 | 249.46 |
| 15 | 24.2.2025 | 70.34 | 74.46 | 203.00 | 4.05 | 242.69 |
| 16 | 25.6.2025 | 71.14 | 75.16 | 203.10 | 3.96 | 245.99 |
| 17 | 26.2.2025 | 39.09 | 73.21 | 196.71 | 4.19 | 238.92 |
| 18 | 27.2.2025 | 68.77 | 72.77 | 194.19 | 3.98 | 234.22 |
| 19 | 28.2.2025 | 70.06 | 73.69 | 199.66 | 3.94 | 239.59 |

Source: Bloomberg Commodities

## ၂၀၂၅ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 3.2.2025 | 2784 | 2788 |
| 2 | 4.2.2025 | 2824 | 2829 |
| 3 | 5.2.2025 | 2857 | 2855 |
| 4 | 6.2.2025 | 2872 | 2877 |
| 5 | 7.2.2025 | 2872 | 2877 |
| 6 | 10.2.2025 | 2879 | 2883 |
| 7 | 11.2.2025 | 2928 | 2933 |
| 8 | 13.2.2025 | 2921 | 2925 |
| 9 | 14.2.2025 | 2933 | 2937 |
| 10 | 17.2.2025 | 2910 | 2915 |
| 11 | 18.2.2025 | 2912 | 2918 |
| 12 | 19.2.2025 | 2932 | 2938 |
| 13 | 20.2.2025 | 2949 | 2954 |
| 14 | 21.2.2025 | 2934 | 2942 |
| 15 | 24.2.2025 | 2947 | 2952 |
| 16 | 25.6.2025 | 2946 | 2951 |
| 17 | 26.2.2025 | 2913 | 2917 |
| 18 | 27.2.2025 | 2911 | 2916 |
| 19 | 28.2.2025 | 2868 | 2842 |

Source: Bullionvault,